www.burmeseclassic.com

# ဝဿရုမင်းဝေ

# ကျောခိုင်းထားတဲ့ ငနှပင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com


စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၁၆၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၀၇၀၉၁၀

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ကျော်ခိုင်းထားတဲ့နေမင်း/တာရာမင်းဝေ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၁၅၇-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)ကျော်ခိုင်းထားတဲ့နေမင်း


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လူနှင့် နာမည်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုနှင်းဦးမောင်

တာရာမင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူအရွယ်ရောက်သောအချိန်တွင် ကိုခါးကုန်းကြီးက မြို့မှာ အနေကြာနေပြီဖြစ်သည်။ သူဘယ်ကလာမှန်း အတိအကျ မသိရချေ။

သို့သော် သဘောကောင်းသော ထိုခါးကုန်းကြီးအား တစ်မြို့လုံးက ချစ်ခင်ကြ၏။

●





## အခန်း (၂)

ခါးကုန်းကြီးရေးဆွဲနေသည်ကို တွေ့လျှင် "တစ်ဝက်ပဲငုံ့ရတာပေါ့ဗျာ"ဟု ကာလသားတွေ နောက်ကြသည်။ ရေငင်တော့လည်း ထိုအတိုင်း "ခါးတစ်ဝက်ပဲ ကိုင်းရတာပေါ့"ဟု ဆိုကြသည်။

●



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တစ်ခါက သူတို့မြို့ကလေးတွင် သူပုန်တွေ ဝင်စည်းသည်။

"ဝပ် . . . ဝပ် . . . အားလုံး ဝပ် . . . . ."

အော်သံတွေကြားမှာ ခါးကုန်းကြီး မဝပ်နိုင်ရှာပေ။ ကွတတကြီး ဖြစ်နေသည်။ မြို့ကလေးမှ လက်နက်ကိုင်သူပုန်များ ပြန်ဆုတ်သွားသောအခါ မတ်တပ်ရပ်လာသော ခါးကုန်းကြီးကို ကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြသည်။

"ငါ ဝပ်တော့လည်း ကုန်းကုန်းကြီးပဲ ဖြစ်နေတာကိုးကွ. . ."

သူ့စကားကြောင့် . . . . အားလုံးက ရယ်မောကြသည်။ တစ်ခါက ကာလသားတစ်ယောက် ပေါက်ပေါက်ရှာရှာမေး၏။

"ကိုခါးကုန်းကြီး . . . ."

"ဘာလဲ . . . . ."

"ခင်ဗျား မိန်းမယူရင် တစ်ဝက်ပဲ ကုန်းရမှာပေါ့နော်. . ."





ထိုကာလသား မေးရိုးပြုတ်ထွက်သွားလေသည်။ ထိုသည်ကား အဖြေပင်ဖြစ်၏။

ထို့နောက်မှာ ထိုခါးကုန်းကြီးကို လက်လွတ်စပယ် စ, နောက်ရဲသူ မရှိတော့ပေ။

တစ်နေ့မှာ ခါးကုန်းကြီး သေဆုံးသွားပါသည်။ မြို့က ချစ်ခင်သူဖြစ်၍ မျက်နှာမွဲ သူ့အလောင်းကို ကောင်းကောင်းမွန်မွန် သဂြိုလ်ပေးကြပါသည်။ သူ့အလောင်းကို ထည့်ရသော အခေါင်းပုကွေးကွေးလိုပဲ အုတ်ဂူကိုလည်း ပုကွေးကွေးလုပ်ပေးကြသည်။ သူမကျေနပ်သည်က နာမည်ရေးထိုးရာတွင် ဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ခါးကုန်းကြီး၏ နာမည်ကို မည်သူမျှမသိကြချေ။ ခါးကုန်းကြီးဟု အမည်သညာပင် နှုတ်တွင်ခဲ့ခြင်းဖြစ်သည်။ အသက်ကို ရမ်းသမ်းထည့်ထားကြသေးသည် "၄၅" နှစ်ဟု၊ အသက်ကအရေးမကြီးပါ။ အမည်က အရေးကြီးနေသည်။

တစ်ညနေ. . .

ထိုအုတ်ဂူ ပုကွေးကွေးနံဘေးတွင် သူထိုင်ပြီး အားမလိုအားမရ ဖြစ်နေမိသည်။ ခါးကုန်းကြီး၏ နာမည်သည် ဤအတိုင်းတော့မနေ မျိုးမင်းယုလည်း ဖြစ်နိုင်၏။ ဝေမှူးသွင်လည်း ဖြစ်နိုင်သည်။ နီကိုရဲလည်း ဖြစ်နိုင်သည်။ စန်းမွန်အောင်လည်း ဖြစ်နိုင်သည်။ အောင်ခိုင်လည်း ဖြစ်နိုင်၏။





ထိုသို့ သူမကျေမချမ်းဖြစ်နေစဉ်မှာ အမှောင်ကဲပြီး လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် တာဝန်ရှိသူများ မလှမ်းမကမ်းတွင် ရောက်ရှိလာပြီး. . .

"ဟေ့. . . မင်းဘယ်သူလဲ "

"ကျွန်တော် အောင်သန်းဦးပါ. . . အရိုင်းလေ အရိုင်း"

"မင်း အခုရပ်နေတာ ဘယ်သူ့အုတ်ဂူဘေးလဲ. . ."

"ထက်အာကာဝေယံဇော်မြင့်ရဲ့ အုတ်ဂူပါ . . ."

သူလည်း ဒါပဲတတ်နိုင်သည်။

ကို . . . အင်း . . . ကိုခါးကုန်းကြီးရယ်။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဆောင်းတွင်းနံနက်ဦးမှာ မြူခိုးတွေ လူးလိမ့်တက်နေသည်။ အကြော်ဆိုင်လေးကတော့ ဖွင့်ဖို့ပြင်ပါပြီ။ အဘွားအိုက ဘူးသီးများကို ခွဲစိတ်နေ၏။ အဘိုးအိုက မီးဖိုတည်နေသည်။

သို့ရာတွင် သူ့အလုပ်ကို သူလွတ်လွတ်ကျွတ်ကျွတ် လုပ်ရခြင်း မဟုတ်ပါ။ ခွေးတစ်ကောင်က သူဆွဲသော ထင်းတုံးဆိုလျှင် လာရောက် လု, လုနေသည်ဖြစ်သည်။

"ဟေ့ကောင်ကြီး . . . ငါ ဘာသာငါ လုပ်ပါ့မယ်ကွ"

ခွေးကြီးက ပြောမရချေ။ အတင်းဆွဲရမ်းနေသည်။

သူ့အားကို မနိုင်သောကြောင့် အဘိုးအိုချပေးလိုက်ရသည်။ ခွေးကြီးက ထင်းတုံးကို မီးဖိုထဲသွားဆိုက်၏။ ထင်းတုံးက မီးဖိုထဲမှာ အထာမကျ။ အဘိုးအိုက ထင်းတုံးကို အနေအထားပြင်ပေးရ၏။

အဘွားအိုထံမှ စကားသံထွက်လာသည်။





"ဒီသားအဖ အလုပ်လုပ်နေတာ ပြီးကြတော့မှာလား"

"ဟ. . . မင်း သားကြီးက ကူညီတာထက် ရှုပ်တာများနေတာကိုး . . ."

"ရှင် ဘာမှပြောမနေနဲ့၊ ကျုပ်သားကြီးကူနေတာကို ကျုပ်တွေ့တယ်. . ."

အဘိုးအိုကား တဟဲဟဲနှင့်၊ ခွေးကြီးကလည်း ဆောင့်ကြောင့် ထိုင်ကာ လျှာကြီးတန်းလန်းနှင့်၊ မနက်စောစောမှာပဲ ထိုဘူးသီးကြော်ဆိုင်သို့ လူစိမ်းတစ်ယောက် လာရောက်စားသောက်ပါသည်။ အသက်လေးဆယ်ဝန်းကျင်ခန့် မျက်နှာမှာ အမာရွတ်နှင့် အတော်ကြမ်းတမ်းသည့် အသွင်ပေါ်သည်။ ထိုသူသည် ဘူးသီးကြော်ဝယ်စားပြီး ခဏကြာဆက် ထိုင်နေသေး၏။ ဆောင်းတွင်းနံနက်ခင်း၏ အအေးဒဏ်ကို မှုပုံမပေါ် အဘိုးအိုနှင့် အဘွားအိုကို မသိမသာ အကဲခတ်ရင်း . . . ."

"အိုး . . . . သူတို့ရှိနေကြသေးတာကို"

ထို့နောက် ဘူးသီးကြော် တချို့ကို ပါဆယ်ယူကာ သူတည်းခိုခန်းသို့ ပြန်လာခဲ့ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နောက်ရက်များတွင်လည်း သူသည် ဘူးသီးကြော် လာဝယ်စားနေ၏။ သူ့ကို မြင်သည်နှင့် အဘိုးကြီးက ခွေးကိုလှမ်းပြောသည်။

“ဟော့ကောင် . . . ညိုလုံးဖောက်သည်တွေလာရင် ဘယ်လိုကြိုရမယ်လို့ မင်းကို မှာထားသလဲ . . . .”

ညိုလုံးဆိုသော ခွေးကြီးက သူ့ကို ပဒပ်ရပ်ကာ ကြိုဆိုသည်။ လက်ပေးသည်။ ဘူးသီးကြော်ဝင်စားရင်း သူစကားပြောဖြစ်၏။

“ခွေးကြီးက အတော်လိမ္မာတာပဲနော် . . .”

အဘိုးအိုကား တဟဲဟဲ ရယ်လျက် . . .

“ခွေးတိုင်းတော့ ဘယ်လိမ္မာမလဲ၊ ဒီကောင်က သင်ထားတဲ့ ခွေးမို့လို့ . . . .”

သူ့မျက်နှာ တစ်ချက်ပျက်သွား၏။ ကြာကြာဆက်မထိုင်တော့ဘဲ တည်းခိုခန်းသို့ ပြန်လာခဲ့၏။





အမှန်စင်စစ် . . . .

ထိုအဘိုးအိုနှင့် ထိုအဘွားအိုသည် သူ့အဖေနှင့် အမေဖြစ်ကြသည်။ သူကား . . . တစ်ဦးတည်းသော၊ သား ငယ်စဉ်ကတည်းက သူသည် သွန်သင်ဆုံးမ၍ မရလောက်အောင် မိုက်ရိုင်းရမ်းကားလွန်းလှသည်။ အရပ်ထဲတွင်လည်း အော့ကြောလန်ဖြစ်ခဲ့သည်။ သူ ဆေးစွဲစပြုချိန်တွင် အဖေ့အင်္ကျီအိတ်ထဲမှ ငွေကို အတင်းလုယူ၍

“ဟော့ကောင် . . . . ငါ မပေးနိုင်ဘူး”

“ဟာ. . . ဒီအဘိုးကြီးဟာ . . . ”

ထို့နောက် အင်္ကျီအိတ်ထဲမှ ပိုက်ဆံအကုန်သိမ်းကျုံးယူကာ လမ်းဘေးမှ အပေါင်းအသင်းများထံ သွားရောက်အောင်ပွဲခံကြ၏။

နောက်ဆုံးအခေါက်ကတော့ မိခင်ဖြစ်သူနှင့် . . .

“သေတ္တာထဲမှာရှိတဲ့ ပိုက်ဆံတွေ ကျွန်တော့်ကို ပေးပါ . . . .”

“ဘာလုပ်ဖို့လဲ . . . .”

“ဘာလုပ်ဖို့ ဖြစ်ဖြစ် ပေးပါ . . . .”

“ဘာလုပ်ဖို့ဖြစ်ဖြစ် မပေးနိုင်ဘူး. . . .”

“ဟာ . . . . ဒီအဘွားကြီးက ကွာ . . . .”

ထိုသို့ပြောပြီး မိခင်ဖြစ်သူကို ဆောင့်တွန်းလိုက်သည်။ မိခင်ဖြစ်သူက နံရံနှင့် ခေါင်းနှင့်ဆောင့်ကာ သတိလစ်သွားလေသည်။ ထိုအခါကျမှ သေတ္တာထဲမှ ငွေများကို အလွယ်တကူ သူ ထုတ်ယူလိုက်သည်။ ထိုငွေကား အိမ်တွင်ရှိသမျှ ငွေအကုန်လုံးပင် ဖြစ်တော့သည်။ သူလည်း တစ်ခါတည်း အိမ်မှ ဆင်းခဲ့လေသည်။ တွေးစစ်ကြည့်တော့ အနှစ်နှစ်ဆယ်တိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်းတွင် သူသည် ထောင် အကြိမ်ကြိမ်ကျခဲ့သည်။ နေရာစုံအောင် ရောက်ခဲ့သည်။ ထိုသို့ဖြင့် ဆေးကတော့ ပြတ်သွားပြီး မိုက်ရည်မိုက်သွေးကတော့မပျောက်။ ထိုသို့ဖြင့် ကြေးစားလူမိုက်တစ်ယောက် ဖြစ်လာသည်။ ယခုလည်း လက်ခံထားသော အလုပ်တာဝန်တစ်ခုအရ မထင်မှတ်ဘဲ သူ့အဖေနှင့် အမေကို ပြန်တွေ့ရခြင်းဖြစ်သည်။ အမျိုးမျိုး ခက်ထန်ပြောင်းလဲခဲ့ပြီဖြစ်သော သူ့ရုပ်ရည်တို့ကိုကား၊ သူ့အသံတို့ကိုကား အဖေရော၊ အမေရော မမှတ်မိကြတော့။ လူစိမ်းပမာ ဆက်ဆံနေသည်။ သူကတော့ အတွေ့အကြုံ စုံခဲ့ပြီဖြစ်၍ ဆက်ဆံပြီး မကြာမီမှာပင် သူ့အဖေအမေမှန်း မှတ်မိလိုက်ပါသည်။

သို့သော် သားတစ်ယောက်အဖြစ် ခွေးကြီးတစ်ကောင်ကို မွေးထားသည်ကား ရယ်စရာအဖြစ် သူမြင်သည်။

●





အခန်း (၃)

ဒီမနက် သူသွားသောအခါ အဘိုးကြီး၊ အဘွားကြီးက ပစ္စည်းပစ္စယတွေ သိမ်းနေ၏။ သူတို့ကား ဘူးသီးကြော်ဆိုင်ကပင် အိမ်ဖြစ်သည်။ သူရောက်သွားတော့ အံ့သြသံဖြင့် မေးလိုက်၏။

"ဘယ်သွားကြမလို့လဲ . . ."

"တစ်နေရာရာကိုပေါ့ကွယ် . . . ညိုလုံးကြီးကို ညက ဘယ်သူ သတ်သွားလဲမသိဘူး . . . . နားအုံပွင့်ပြီး သေနေတယ်"

သူက ကြိတ်ပြုံးလိုက်သည်။ "အဲဒါ နားထင်ကို ဆိုက်လင်ဆာ တပ်ထားတဲ့ သေနတ်နဲ့ ပစ်သွားတာပေါ့ အဘိုးကြီးရဲ့" ဟု စိတ်ထဲမှာ ပြောလိုက်လေသည်။ အဘွားကြီးက သူတို့ကို မကြည့်၊ မျက်ရည်တွေတွေ ကျလျက် ပစ္စည်းများကိုသာ သိမ်းနေသည်။ သူက . . . .

"နေပါဦး အဘိုးကြီးရဲ့ . . . . ဒီခွေးကိုပဲ သားအဖြစ် သတ်မှတ်နေရအောင် အဘိုးကြီးတို့မှာ အခြားသား မရှိတော့ဘူးလား . . ."

အဘိုးအိုကား အဝေးသို့ ငေးကာ လျော့ရဲရဲဖြေ၏။


"အင်း . . . ဟိုးတုန်းကတော့ ခွေးဆိုးတစ်ကောင် မွေးထားခဲ့ဖူးလေရဲ့ . . ."

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူသည် '၅' တစ်လုံးဖြစ်၏။ သူ့ကိုယ်သူမည်၍ မည်မျှတန်ဖိုးရှိမှန်းမသိပေ။ သူ့ဘာသာတစ်ယောက်တည်းသာ ပျော်နေတော့၏။

'၅' တဲ့ဟေ့နော် . . . " ဘာကိုမှလည်း သူစိတ်မဝင်စား၊ သူ့ဘာသာတစ်ယောက်တည်း လှည့်လည်သွားလာနေတော့သည်။ တစ်နေ့မှာတော့ ရှားရှားပါးပါး သူ့လို '၅' တစ်လုံးနှင့် သွားတွေ့သည်။

"ခင်ဗျားက '၅'ပဲလား . . . "

"ဟုတ်တယ် . . . ကျုပ် '၅'ပဲ"

"ဟာ. . . ပျော်စရာကြီးဗျာ . . . "

သူတို့နှစ်ယောက်လက်ဆွဲနှုတ်ဆက်ကြ၏။ အပျော်ကြီး ပျော်ကြလေသည်။

●





## အခန်း (၂)

ဒုတိယ '၅' ရောက်လာသည့်အတွက် ပထမ'၅'တွင် စိတ်ရှုပ်ထွေးစရာတွေ ရှိလာလေသည်။ ဒုတိယ '၅'၏ မေးခွန်းကြောင့် ဖြစ်သည်။

"မင်းက '၅'တော့ ဟုတ်ပါပြီ . . တစ်ကနေ မြင့်တက်လာတဲ့ '၅'လား၊ '၉'ကနေ လျှောကျလာတဲ့ '၅' လား"

"ဟေ့အေး . . . ငါမသိဘူး . . . "

"အေးကွာ . . . မသိတာဘဲ ကောင်းပါတယ်"

သူတို့ သင့်မြတ်စွာ နေထိုင်ကြလေသည်။ တစ်နေ့

"ဟေ့ . . . ဟိုမှာလည်း '၅' တစ်လုံး မဟုတ်လား"

"အေး . . . ဟုတ်တယ်ကွ. . . "

တတိယ '၅' ကို သူတို့တွေ့ဆုံရလေသည်။ ဖက်လဲတကင်း



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ကြ၏။ သူတို့ အတူတကွ နေထိုင်ရန် ဆုံးဖြတ်ကြသည်။ တတိယ '၅'၏ မေးခွန်းကို သူတို့ မဖြေနိုင်ကြချေ။

" '၅'ဆိုတာတော့ ဟုတ်ပါပြီ . . . မင်းတို့က ရလဒ် '၅' ပဲလား . . . အကြွင်း '၅' လား"

"ဟာ . . . အဲဒါတွေ တို့ မသိဘူးကွာ"

"မသိတာပဲ ကောင်းပါတယ်ကွာ . . . "

"ငါတို့တွေ အတူနေကြမယ် . . . "

သူတို့ သိုက်သိုက်မြိုက်မြိုက် နေကြလေသည်။

●





## အခန်း (၃)

တစ်နေ့မှာ သူတို့ ပါတီပွဲတစ်ခု ကျင်းပကြသည်။ မြူးတူးခုန်ပေါက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် နပန်းသတ်ကြသည်။ ထိုသို့ လုံးထွေးသတ်ပုတ်ရင်း သူတို့၏ အနေအထားက အောက်ပါအတိုင်း ဖြစ်သွားသည်။

$$\frac{၅}{၅} \times ၅$$

ဖြစ်သွား၏။

"ဝုန်း . . . ."

မူလ '၅' သုံးလုံးပျောက်ကာ '၅' အသစ်တစ်လုံး ထွက်ပေါ်လာ၏။

ထို '၅'ကမှ ပကတိ၊ ဘာကိုမှ မသိ၊ သူ့ကိုယ်သူ '၅' မှန်းလည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်သူလဲ . . . ဘယ်ကကောင်လဲ . . . ဒီနေရာမှာ ဘာလာလုပ်နေတာလဲ၊ ဟင် . . . ငါ့တစ်ကိုယ်လုံးမှာ အဝတ်လည်း မပါပါလား. . . "

ထိုသို့ပြောပြီး ဖင်ပြောင်လေးကို လက်နှင့်ကာရင်း တောတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

❑






# နေဝင် နေထွက် ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အမှောင်ကျရိပ် ပြိုးနေသောအချိန်မို့လားမသိ . . . ကောင်မလေးက လှပနေသည်။ ကောင်မလေးသည် နေ့တိုင်း ဒီအချိန်ဆိုလျှင် ဤဘတ်(စ်)ကားကို စောင့်စီးကာ သူမ၏ ခရီးလမ်းကို ဆက်နေကျ . . .။ ယခု မှတ်တိုင်မှာ သူမတစ်ယောက်တည်း . . . တောင်ဝှေးတစ်ချောင်းကို အားပြုကာ အဘွားအိုတစ်ယောက် တုံချိတုံချိနှင့် သူမနံဘေးသို့ ရောက်လာသည်။

"သမီး . . ."

"ရှင် အဘွား . . ."

"ကျောင်းထဲကို သွားချင်ရင် ဘယ်ကားရောက်သလဲကွယ် . . ."

"ခုလာတဲ့ ကားစီးရောက်ပါတယ်. . ."





အဘွားအိုသည် ထိုကားကို အလုအယက်တက်သွားသည်။ မိန်းကလေးကလည်း သူလိုက်ပါ စီးနင်းရမည့် ဘတ်(စ်)ကားပေါ်တွင် ပျော်ရွှင်စွာ လိုက်ပါသွားသည်။ ထိုကားသည် ကျောင်းထဲသို့သွားမည့် ကားဖြစ်လေသည်။ လမ်းလွဲလိုက်ပါသွားသော အဘွားအိုအတွက် ဝမ်းနည်းရိပ်သူ့မှာ တစ်စက်မျှရှိပုံမရချေ။ သူမကားပေါ်မှ ဆင်းသော အချိန်မှာ အပြန်လမ်းတောက် လျှောက် Hip, Hop သီချင်းတွေကို သီဆိုသွား သေးသည်။

•



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

မိန်းကလေးသည် လှပဝန်းပျံ့သော ပန်းဥယျာဉ်ကြီးတစ်ခု အတွင်းတွင် ပန်းများကို စိတ်တိုင်းကျ ခူးနေ၏။ ဖြတ်လျှောက်သွားသော အမျိုးသမီးကြီး တစ်အုပ်က ...

"ဟယ် ... ပန်းတွေ လှလိုက်တာ"

ထို့နောက် သူမကို

"သမီး ... ဒီပန်းတွေ ဘယ်လိုရောင်းလဲ"

သူမက 'ခစ်'ခနဲ ရယ်ကာ

"ဒါ ... ကုသိုလ်ဖြစ်ပန်းတွေလေ ဒေါ်ကြီးရဲ့၊ ဘယ်သူမဆို ခူးလို့ရတယ်... သမီးကတော့ စာရေးစားပွဲမှာ တင်ထားဖို့အတွက် ဒီလောက်ရရင်တော်ပြီ... အန်တီတို့ လိုသလို ဆက်ခူးကြလေ..."

ထို့နောက် မိန်းကလေးက ထွက်လာခဲ့သည်။ ပြဿနာက





နောက်မှာ ပွက်လောရိုက်ကျန်ခဲ့သည်။

"ဟေ့ဟေ့ ... ခင်ဗျားတို့ကို ဘယ်သူတွေ ခူးခိုင်းလို့လဲ ..."

အော်သံကြောင့် အဒေါ်ကြီး အုပ်စု အန်းသွားသည်။ အော်သူက အသက် ငါးဆယ်ကျော်ယောကျ်ားကြီးတစ်ယောက်ဖြစ်သည်။ ရုပ်ရည် ခပ်ကြမ်းကြမ်းဖြစ်၏။ အဒေါ်ကြီးများ အုပ်စုဝင် တစ်ယောက်က ...

"ဒါ ကုသိုလ်ဖြစ်ပန်းဆို ... မည်သူမဆို ခူးလို့ရတယ်ဆို ..."

"ဘယ်သူက ဒါနပြုနေလို့လဲ ... ဒါ ကျုပ်တို့ ဆရာမကြီး စိုက်သွားတဲ့ပန်းခင်း ... ခုလည်း နိုင်ငံခြားက လှမ်းပို့လို့ ပွင့်နေတဲ့ အပင်တွေကို ခင်ဗျားတို့ ခူးသွားတယ်... ခင်ဗျားတို့ကို ကျုပ် အခုရဲတိုင်မယ် ..."

အဒေါ်ကြီးများ အုပ်စု မနည်းတောင်းပန်၍ ပြန်ထွက်လာရလေသည်။

ထိုအချိန်တွင် မိန်းကလေးသည် အင်းလျားကန်ဘောင်ထက်တွင် ဘူးသီးကြော် စားနေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မိန်းကလေးသည် ရှန်းရင်းဆန်ခတ်နှင့် ကြုံနေသည်။ ကောင်လေးတစ်ယောက်က သူ့ကို ပြူးတူးပြဲတဲ စကားဆိုနေမှုဖြစ်သည်။

"နင်ပဲ ငါ့ကို ချစ်တယ်ဆို . . . မနေ့က အဖြေပေးပြီးပြီပဲ. . ."

"အိုး . . . ငါ ဘယ်တုန်းက ပြောလို့လဲ . . ."

"မနေ့က ဒီနေရာမှာပဲ နင်ပြောခဲ့တာ၊ ဒီနေရာမှာပဲ မနက်ဖြန်စောင့်နေပါဆိုလို့ ငါ စောင့်နေတာ . . . ခုမှ နင်က ဘယ်လိုဖြစ်တာလဲ . . ."

"အိုး . . . ငါ နင့်ကို ချစ်တယ်လို့ မပြောခဲ့ပါဘူး . . ." ကောင်လေးဝူးဝူးဝါးဝါး ဖြစ်သွားသည်။

"နင် . . . နင် ငါ့ကို ဘာလုပ်တာလဲ" ထိုအချိန်မှာ လူငယ်တစ်ယောက် စက်ဘီးတစ်စီးနှင့် ရောက်ရှိလာသည်။ "ဟေ့ ဟေ့. . . ငါ့ကိုလာကြုံခိုင်းလိုက်တယ် . . . တက်တက် . . ."





တစ်ဆက်တည်းမှာပဲ ကောင်လေးဘက်သို့လှည့်ကာ "စိတ်မရှိပါနဲ့ကွာ . . . ကိုယ်က သူ့အစ်ကိုအရင်းပါ"

ထို့နောက် မိန်းကလေးကို စက်ဘီးဖြင့်တင်ကာ ထွက်သွားလေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုပြဿနာအဝဝက သူ့ထံသို့ ဆိုက်ရောက်လာသည်။ သူက သူငယ်ချင်းဖြစ်သူကို နားလည်စွာ အားပေးရင်း ...

"ငါနဲ့ တစ်ခါ မိတ်ဆက်ပေးဦးလေ ..."

"အေးပေါ့ ... မိတ်ဆက်ပေးရမှာပေါ့"

ရှားရှားပါးပါး သူ့အစ်ကို မိတ်ဆက်ပေးသည့် ယောကျ်ား မိတ်ဆွေမို့လားမသိ အရေးတယူတော့ရှိလေသည်။

မလှမ်းမကမ်းမှာ ရေကန်တစ်ခုရှိသည်။ သူက မိန်းကလေးကို နွေးထွေးစွာ ပြုံးပြရင်း ...

"ကျွန်တော်တို့ ရေကန်တစ်ပတ်လောက် လျှောက်ကြရအောင် ..."

"ရတယ်လေ ... အိုကေ"





သူနှင့် မိန်းကလေးတို့ လမ်းလျှောက်ပြီးချိန်မှာ မောင်နှမ နှစ်ယောက်စလုံးကို နှုတ်ဆက်၍ သူထွက်လာခဲ့၏။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

သူငယ်ချင်းက တအံ့တသြဆိုသည်။

"ငါ့ညီမလေး ခုဆို လုံးဝညာမပြောတော့ဘူးကွ. . . သူ့အကျင့်စရိုက်လေးတွေ မင်း ဘယ်လိုပြင်လိုက်တာလဲ"

သူပြုံးလိုက်သည်။ အေးဆေးဆေးဆေး ရှင်းပြလိုက်သည်။

"တကယ်တော့ မင်းညီမလေးဟာ ညာချင်လို့ ညာနေတာ မဟုတ်ဘူးကွ. . . သူဟာ စိတ်ဝေဒနာရှင်တစ်ယောက်ပဲ . . . (MAN-CHAUSAL SYMDROME)လို့ ခေါ်တယ်"

"အေးပါ . . . အဲဒါတော့ ဆရာဝန်တွေလည်း ပြောကြပါတယ် . . . ဒါပေမယ့် သူတို့ကုတာ မရဘူး . . . မင်းက ဘယ်လိုကုလိုက်တာလဲ . . ."

"ရေကန်ကို တစ်ပတ်လျှောက်ရင်း ကုလိုက်တာလေ . . ."





"ငါ ရှင်းအောင် ထပ်ပြောပါဦး. . ."

"ရိုးရိုးလေးပါပဲ. . . ရေကန်ကို ပတ်လျှောက်ရင်း လူတွေကို ညာမပြောပါနဲ့လို့ ပြောလိုက်တယ်. . . တခြားစိတ်ကုထုံးတွေလို မဟုတ်ဘဲ ပေါ့ပါးမြန်ဆန်တယ် . . . ဒီနည်းကို (THIRO PSYCHOLOGY) လို့ ခေါ်တယ်"

"အေး . . . ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ်ကွာ ကျေးဇူးအများကြီး တင်ပါတယ်၊ ငါ့ညီမလေးကလည်း အခုမင်းကို တွေ့ချင်လို့တဲ့ . . ."

"အဲဒါကော ညာပြောတာလား . . ."

"ဒါတော့ တကယ်ပြောတာပါကွာ . . ."

နှစ်ဦးသား ရယ်မောဖြစ်ကြလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူသည်အလွန် ခလုတ်တိုက်တတ်သူဖြစ်၏။ ငယ်စဉ်ကတည်းက နဖူးကွဲ၊ ဒူးပြဲ၊ ခြေမကွဲ၊ တံတောင်ဆစ်ပြဲဖြစ်ရသည့် အကြိမ်မနည်းလှ၊ သူ့ကို ကြည့်ပြီး လူကြီးတွေက ခေါင်းတခါခါ ညည်းကြ၏။

"မင်းလုပ်တာနဲ့ တရုတ် ဗမာ အရေးအခင်းတော့ ဖြစ်တော့မယ်. . ."

"ဘာဖြစ်လို့လဲ ခင်ဗျာ . . ."

"မင်းဘာသာ ရွာပြင်မှာ ခလုတ်တိုက်တာရွာထဲကြတော့ ဖားပြုတ်ကိုက်တယ်လို့ သတင်းထွက်ပြီး ဟိုဘက်ရွာထဲရောက်တော့ တရုတ်ရိုက်တယ်လို့ သတင်းဖြစ်မှာ. . ."

"အေးဗျာ . . . ဟုတ်ပါရဲ့ . . . ကျွန်တော်ကလည်း ကျွန်တော်ပါပဲ"





"နောက်ဆို . . . မင်းကြိုပြီး ကြေညာသွား . . ."

"ကျွန်တော် မောင်ဇော်သက် လမ်းလျှောက်ထွက်နေပါသည်. . . ရှိသမျှ ခလုတ်အပေါင်း လာရောက်စုရုံးကြပါရန် နှိုးဆော်အပ်ပါသည် ခင်ဗျားလို့ . . ."

အားလုံးက ဝိုင်းရယ်ကြသည်။ သူကတော့ ရှက်ရှက်နှင့် ခေါင်းကိုသာ ငုံ့နေရတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အတော်ဆိုးဆိုးဝါးဝါး တစ်ခုဖြစ်ဖူးသည်။ ကျောင်းပေါင်းစုံ စာပေပြိုင်ပွဲ တစ်ခုတွင် သူပထမရသည်။ ဆုပေးပွဲသို့တက်အယူမှာ သူ့ပုဆိုးကို သူခလုတ်တိုက်ပြီး ဆုပေးသူ ဆရာကြီးရှေ့တွင် ဟပ်ထိုးလဲလေသည်။ ဧည့်ပရိသတ်အားလုံး ဝိုင်းဝန်းရယ်မောကြ၏။ ဓာတ်ပုံများက တဖျတ်ဖျတ်ရိုက်ပြီး သွားပြီဖြစ်သည်။ သူကား ခေါင်းပင်မဖော်ရဲပါ။ စင်ပေါ်မှ ပြန်ဆင်းလာရ၏။

အရွယ်ရောက်လာသော်လည်း ခလုတ်ကတိုက်မြဲ၊ တစ်နေ့မှာ ခလုတ်တိုက်ရာမှ မိန်းကလေးတစ်ယောက်အပေါ် ပြိုလဲကျသည်။ ထိုမိန်းကလေးကို တောင်းပန်ရင်း တောင်းပန်ရင်းနှင့်ပဲ သူတို့လက်ထပ်ဖြစ်သွားသည်။

ထိုသို့ပင် ခလုတ်တိုက်လဲရင်း အားယူပြန်ထရင်း သူသည်လည်း





အရွယ်ပြောင်းခဲ့ပြီ။ ဘေးဘီကို လှည့်ကြည့်တော့ ဆေးရုံဖြစ်နေသည်ကို တွေ့ရသည်။

သူမည်သို့ ဒီကိုရောက်လာသနည်း။ စဉ်းစားကြည့်တော့ ခလုတ်တိုက်၍ ရောက်လာခြင်း ဖြစ်သည်။ ဈာပနတစ်ခုလိုက်ပါပို့ဆောင်ပြီး အပြန်မှာ ခလုတ်တိုက်ပြီး နာရေးကူညီမှု ကားတစ်စီးနှင့် ဝင်တိုက်မိခြင်းဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"အမလေး ကိုကိုရဲ့ . . . ဒီလိုခလုတ်တိုက်မယ်ဆိုလည်း စောစောစီးစီး ပြောပါလား"

"ဟုတ်တာပေါ့ . . . သမီးတို့ လိုက်ဆွဲပေးမှာပေါ့ ဖေဖေရဲ့ . . ."

သူ့မျက်လုံးအစုံ မှောင်အတိကျသွားသည်။

"ကိုဇော်သက် . . . ကို ဇော်သက် . . ."

ခေါ်သံတွေ ယတိပြတ်ကျန်ခဲ့ပြီ။ သူကား သူမသိသော ဘုံတစ်ခုသို့ ရောက်နေသည်။ ထိုအပေါ်မှာ သူနှင့် အလင်းတန်းကြီး တစ်ခုသာရှိသည်။

"ဇော်သက်"

အလင်းတန်းကြီးက ခေါ်ခြင်းဖြစ်သည်။





"ဟုတ်ကဲ့ . . ."

"မင်း နတ်ပြည်သွားချင်သလား၊ ငရဲပြည်သွားချင်သလား. . ."

"ဘယ်ကို သွားသွား ရပါတယ်ခင်ဗျ . . ."

"ဟေ. . ."

"ကျွန်တော့်ကို ခလုတ်မရှိတဲ့ လမ်းကိုသာပို့ပေးပါ"


ထိုစကားကို သူလေးနက်စွာ ပြောကြားခြင်းဖြစ်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း (၁)

"ဘာများကူညီရမလဲ" တံမြက်စည်းလှဲနေသော အဘွားအိုက ညင်သာစွာမေး၏။ သူကလည်း တိုးညင်းစွာ ပြန်ဖြေလိုက်သည်။

"ကျွန်တော် ဘရန်ဆိုင်းနဲ့ လာတွေ့တာပါ"

"အိုး . . . ဘရန်ဆိုင်းအကြောင်း မကြားသေးဘူးလား"

သူ့ရင်ထဲတွင် ရှုပ်ထွေးသွားသည်။

"ဘရန် . . . ဘာဖြစ်လို့လဲ မာသာ"

"ဘရန် နိုင်ငံခြားထွက်သွားတယ်လေ . . ."

"ဟုတ်ကဲ့ . . . အဲ့ဒါကျွန်တော်သိသားပဲ . . . ပြန်ရောက်နေပြီကြားလို့ . . ."

"ဟုတ်တယ် . . . ပြန်ရောက်လာတယ် . . . နိုင်ငံခြားရောက်မှ ဆေးစစ်တာ မအောင်လို့ ပြန်ပို့တာကို ခံလိုက်ရတယ် . . . မြန်မာပြည်ကိုရောက်လာတယ် . . . ဒါပေမယ့် ဒီကိုတော့ မလာဘူး . . ."





"ခင်ဗျာ . . . ."

မာသာက ဆက်ပြောသည်။

"တောင်ကြီးဘက်ကို ထွက်သွားပြီး အဲဒီမှာပဲ ကွယ်လွန်သွားတယ် . . . ခရစ်တော်မှာ အိပ်ပျော်သွားတယ်လို့ သိရတယ် . . ."

"အိုး . . . ဖြစ်မှဖြစ်ရလေ"

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ရယ်သံမောသံများဖြင့် ဆူညံနေသော ညဥ့်ဦးပိုင်းဖြစ်သည်။ ယမကာခိုးတို့ ပျံ့သင်းနေသည်။ သူငယ်ချင်းအားလုံးကို နှုတ်ဆက်ရင်း စားပွဲတစ်လုံးမှာ သူဝင်ထိုင်၏။ စားပွဲတွင် ကြိုတင်ရောက်နှင့်နေသော သူငယ်ချင်းက ....

"မင်းကွာ နောက်ကျလိုက်တာ"

"အေးကွာ ... ဒီလိုပါပဲ"

ထိုသို့ပင် မရေမရာဖြေရင်း ယမကာတောတွင် သူလည်း မျောပါလေသည်။ နံဘေးမှ သူငယ်ချင်းက စကားမစပ်ပြောလာသည်။

"ဘရန် လာရင် သိပ်ကောင်းမှာပဲကွာ ... ဒီကောင်ကြီးက ရယ်စရာ သိပ်ပြောတာ"

"ဘရန် ... ဘရန်မရှိတော့ဘူးဆိုကွ"





"ဘာပြောတယ်"

သူက အဖြစ်အပျက်ကို ရှင်းပြ၏။ ထိုသူငယ်ချင်းကော နံဘေးမှ သူငယ်ချင်းများကပါ လက်မခံကြပေ။

"မဟုတ်တာကွာ ... ပြီးခဲ့တဲ့ အပတ်ကတောင်တို့နဲ့ တစ်ဝိုင်းဆုံကြသေးတယ်"

"နောက် နေကြတာလား ... "

"ဒါမျိုးက နောက်ရမှာလားဟ"

သူစိတ်ရှုပ်ထွေးစွာဖြင့် ပြန်လာခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

သူမက ချီးပွဲချင်သည်။

"ဘာပဲဖြစ်ဖြစ် . . . နိုင်ငံခြားက ပြန်အလာမှာ ကျွန်မဆီတော့ ဝင်လာသင့်တာပေါ့နော် . . . ကျွန်မတို့က ချစ်သူရင်းတွေပဲ . . ."

"နေပါဦး . . . သူ့အကြောင်း ဘယ်လိုကြားမိလဲ"

သူမပြန်ပြောပြသည်က မာသာကြီးပြန်ပြောပြသည်နှင့် ထပ်တူညီမျှနေသည်။

"ကျွန်တော့်မှာ သူ့အတွက် စာတစ်စောင်ပါလာတယ်"

"အရေးကြီးလား . . ."

"အဲဒါတော့ မသိဘူး . . . သူ့လက်ထဲထည့် ပေးပါလို့ မှာသွားတာပဲ . . ."

ထိုသို့ ပြောပြီး ယမကာဝိုင်းမှ သူငယ်ချင်းများ၏ သတင်းပေး





ချက်ကို ပြန်လုပ်ပြောပြလိုက်သည်။

သူမ၏မျက်လုံးများ အရောင်တောက်သွားကာ . . .

"သူ့ကိုတွေ့ရင် ကျွန်မမျှော်နေတယ်ဆိုတာ ပြောပြလိုက်ပါရှင်"

"စိတ်ချပါ . . ."

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သူရင်မောသွားသည် ပွဲတော်နှင့် ကြုံသောကြောင့်ဖြစ်သည်။ ပွဲခင်းမှ ပတ္တလားခတ်သံ သဲ့သဲ့ကို ကြားရ၏။ အခြားသော ကြည့်မြင်ပွဲများ ဆယ့်နှစ်ပွဲဈေးသည်များဖြင့် ပွဲတော်က လူတိုးမပေါက်၊ လူများ ကားများ ကျပ်သိပ်နေသည်။

ထို လူအုပ်ကြီးထဲတွင် တိုးဝှေ့သွားလာရင်း မျက်စိက တစ်စုံတစ်ယောက်သော သူကိုမြင်လိုက်၏။

"ဘရန်"

လူအုပ်ကြားထဲတွင် သူ့အသံသည် မသဲကွဲလှ၊ ရှေ့မှ လူသည် ဘရန် ဟုတ်မဟုတ်လည်း မသေချာပါ။

"ဘရန် . . . ဘရန်ဆိုင်း"

သူကသာခေါ်ပြီး လှည့်မကြည့်ပါ။ လူချင်းလဲမနီးလှပါ။





သူ့အတင်းတိုးဝှေ့သွားသည့်တိုင်အောင် နီးစပ်ရာကိုလည်း မရောက်ပါ။

"ဘရန် . . . ဘရန်ဆိုင်း"

ခေါ်သံကို ကြားသွား၍လား၊ သူ့အကြောင်းနှင့် သူလားမသိ၊ တစ်ချက်မှာ နောက်သို့ ပြန်လှည့်ကြည့်လေသည်။ ပြီး ရှေ့သို့ ပြန်လှည့်သွားသည်။ သူ့ပင်လျှင် ဇဝေဇဝါ ဖြစ်သွား၏။ ဘရန်ဆိုင်းပဲလား ဘရန်ဆိုင်းနှင့် တူသည့် လူလားမခွဲခြားနိုင်ချေ။ ထို့သို့ဖြင့် သူနှင့် ထိုလူတို့လည်း လူအုပ်ကြားထဲမှာ လူချင်းကွဲ သွားပါတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

နေ့ရက်များစွာမင်း။ ထိုလူသည် ဘရန်ဆိုင်း ဟုတ်မဟုတ် မသိလိုက်ပါ။ သူလည်း နိုင်ငံခြားသို့ ပြန်ရပါတော့မည်။ သူ့လက်ထဲတွင် ရှိနေသည်က ပြန်ပေးရမည့် စာတစ်စောင် ဖြစ်လေသည်။

❑






## ဆုံးဖြတ်ချက်တစ်ခုရဲ့ လားရာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ဘုရားဝတ်ပြုခြင်း

သူသည် ဘုရားဝတ်ပြုခြင်းကို အင်မတန် စိတ်အားထက်သန်ရှိလှ၏။ နေ့စဉ် နေ့တိုင်း ဘုရားဝတ်ပြုကာ ဘုရားပန်းများကိုလည်း လဲလှယ်ပေးလျက်ရှိသည်။ အိမ်သူအိမ်သားများကလည်း ဘုရားတရားကြည်ညိုသူများဖြစ်ကြ၏။ သို့သော်လည်း ဝတ်ပြုချိန်ကြာလေ့မရှိ။

တစ်နေ့မှာ မိသားစုအတွင်းစကားဆူသံကြားရ၏။ "ကြွက်ဟုတ်လို့လား . . ."

"ဟုတ်ပါတယ်ဟာ ကြွက်အော်သံ ငါကြားတယ် . . ." ကြွက်ပေါက်စလေးတွေရဲ့ အော်သံ . . ."

"ဘယ်လိုလုပ် ကြွက်တွေက ဘုရားစင်အောက်ရောက်နေတာလဲ. . ."





"အေးလေ . . . ဘုရားကိုပဲ ရှိခိုးရတော့မလို သူတို့ကိုပဲ ရှိခိုးရတော့မလို . . ."

သူ ဘာမှ ဝင်မပြောဘဲ နေခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## ဓား

သူ့တွင် ပေါက်ဓားလေးတစ်လက်ရှိသည်။ သူ့ဦးလေးက လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဓားပေါက်နည်းကိုတော့ သင်မပေးခဲ့ပါ။ သို့သော် သူသည် ဓားပေါက်နည်းကို အကျွမ်းတဝင် ဖြစ်နေပြီဖြစ်၏။

လျှင်မြန်ခြင်းနှင့် ပစ်မှတ်ကို တိုက်ရိုက်မှန်ကန်ခြင်းတို့တွင် သူသည် သူမတူအောင် ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။ သူသည် ထိုဓားလေးကို အလွန်မြတ်နိုး၏။ အိပ်ရာထဲတွင် ပင်ထည့်၍ အိပ်လေသည်။ ကျောင်းသွားမှ ဓားကလေးက အိမ်ခန်းထောင့် သူ့နေရာမှာ တိတ်ဆိတ်စွာ ကျန်ခဲ့သည်။

အိမ်မှာက ဘုရားစင်နားမှ ကြွက်အော်သံများက ဆူညံလျက်. . .

●





## ရင်ဆိုင်ရခြင်း

တစ်နေ့ သူ့ခြံထဲက ပိတောက်ပင်တွင် ဓားပေါက်ကျင့်၏။ ထို့နောက် ချွေးစများကို သုတ်သိမ်းကာ ပေါက်ဓားလေးနှင့်အတူ ဘုရားဝတ်ပြုရင်း ဘုရားစင်ဆီမှ ကြွက်အော်သံများက ဆူညံနေဆဲ၊ ကြွက်မကြီးတစ်ကောင် ဖြတ်ပြေးသည်ကို ရိပ်ခနဲတွေ့လိုက်သည်။ လူက နေသော်လည်း ဓားက မနေပြီ။ ကြွက်မကြီး ဓားစိုက်ရက်သားနံရံတွင် တဆတ်ဆတ်ခါနေသည်။ ဓားနှင့် ထိုကြွက်ကြီးကို ဖြုတ်ပြီးမှ ဘုရားစင်နောက်မှာ ကြွက်သိုက်ကို တွေ့ရသည်။ ငှက်မွေး၊ ကောက်ရိုးမျှင်စသည်များဖြင့် ဆောက်လုပ်ထားသည်။ အထဲမှာ ကြွက်နီတာရဲလေး "ငါးကောင်" သံကုန်အော်ဟစ်နေကြသည်။

ထိုကြွက်မကြီးသည် သူတို့၏ အမေဖြစ်သည်။ သူတို့ကို နို့တိုက်ကျွေးမွေးသော မိခင်ဖြစ်သည်။ ယခုသူတို့ မည်သူ့ကို အားကိုးရမည်နည်း။ ဘုရားကသိလျှင် မည်သို့ သူ့ကို ပြောမည်နည်း။ ဘုရားစင်ရှေ့မှာ ရှက်လာသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## နီဂိုးချုပ်ခြင်း

ထိုကြွက်ကလေးများကို အမှိုက်ပုံပစ်၍လည်းမဖြစ်၊ ငှက်ချီမည်။ ခွေးစားမည်။ အလွယ်ဆုံး နည်းအရပဲ သူသည် ထိုကြွက်ထုပ်ကလေးကို ရေထဲသို့ ပစ်ချလိုက်သည်။

"ပလုံ"

ပင့်သက်ခပ်ကြမ်းကြမ်းရှိုက်ကာ ထိုနေရာမှ လှည့်ပြန်ခဲ့သည်။ သူလွှင့်ပစ်ခဲ့ခြင်းသည် ကြွက်ပေါက်ကလေးတွေချည်းပဲ မဟုတ်။ တစ်စုံတစ်ရာ ပါဝင်သည်။ ထိုတစ်စုံတစ်ရာမှာ ဓားဖြစ်လေသည်။

❑





## ရင်ဖွင့်ချင်နေသူ




www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေး

တာရာမင်းဝေ




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူအရွယ်ရောက်ချိန်ကတည်းက စတင်တွေ့ရှိရသော ဒုက္ခမှာ ခုတင်နှင့်မဆန့်ခြင်းဖြစ်သည်။ သူ့အရပ်က ရှည်လွန်းသည်၊ လက်တံ၊ ခြေတံတွေကလည်း ရှည်လွန်းသည်။ သူ့အိမ်မှာ သူဆိုလျှင် နှစ်ယောက်အိပ်ခြင်ထောင်ကြီးကို ပြကားနေအောင်ထောင်ပြီး ဘေးဘီဝဲယာလက်ဆန့်၍ရအောင် စီစဉ်ကာ အိပ်ရ၏။

●





## အခန်း (၂)

တခြားအိမ်သို့ ညဥ့်အိပ်ညဉ့်သည်သွားလုပ်ရလျှင် သူ့အလွန်ဒုက္ခရောက်သည်။ တစ်ယောက်အိပ်ခြင်ထောင်ထဲတွင် သူဒုက္ခကြီးစွာရောက်ရသည်။ ခေါင်းကို လုံအောင်ဖုံးလျှင် ခြေထောက်က ထွက်နေသည်။ ခြေထောက်ကို လုံအောင်ဖုံးပြန်တော့လဲ ခေါင်းက အပြင်မှာ လက်နှစ်ဖက်ကို ဘေးသို့ မဆန့်ရဲ၊ ခြင်ထောင်ကွဲသွားမှာကို စိုးရိမ်ရသည်။ ထိုသို့ဖြင့် သူမိုးလင်းခဲ့ရပေါင်းများပြီ။

●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

တစ်စတစ်စနှင့် သူ့ဘဝနေဝင်ချိန်ရောက်လာသည်။ အမောဖောက်နေချိန်မှာ သူ့သမီးကြီးကို ခေါ်လိုက်၏။

"သမီးကြီး အဖေနေရတော့မှာ မဟုတ်ဘူး"

"အို . . . အဖေကလဲ ဘာတွေလျှောက်ပြောနေတာလဲ. . ."

"မဟုတ်ဘူး . . . အဖေဆုံးလို့ရှိရင် အဖေ့ရဲ့အခေါင်းကို"

"ဩော် . . . အဖေကယောင်ကတန်းနဲ့ လျှောက်ပြောနေပြန်ပါပြီ . . . မှိန်းနေ . . . အဖေ မှိန်းနေ"

သမီးကြီး ပြန်ထွက်သွား၏။ သမီးလတ်ကို ခေါ်ရပြန်သည်။

"သမီး . . . အဖေသေလို့ရှိရင် အဖေ့ရဲ့ အခေါင်းကို"

"သမီးသိတယ် . . . အဖေသမီးသိတယ် . . . အရှည်ကြီးလုပ်ပေးမယ်"





"အေး ဒါနဲ့တင် မပြီးသေးဘူး သမီးရဲ့ . . ."

"တော်ပြီလေ အဖေ့ရဲ့ . . . အခေါင်းဆိုတာ ဒီလောက်ဆိုတော်ရောပေါ့ . . ."

သမီးလတ် ပြန်ထွက်သွားသည်။

●


www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

သမီးထွေးကိုခေါ် လိုက်သည်။

"ဖေဖေ သမီးကို ဘာပြောစရာရှိလို့လဲ"

"အဖေ့ရဲ့ နောက်ဆုံးဆန္ဒလေးကို ဖြည့်ဆည်းပေးသွားစေချင်တာပါပဲ. . ."

"အို . . . ဖြည့်ဆည်းပေးရမှာပေါ့ အဖေရယ် ဘာလဲပြော. . ."

"အဖေ့ရဲ့ အခေါင်းကို အရှည်ကြီးလုပ်ပေးမှာတော့ ဟုတ်ပြီ"

"ဒါပေါ့ ဖေဖေရဲ့ ဖေ့ဖေ့ရဲ့အလောင်းကို ခြေချိုးလက်ချိုးနဲ့ အခေါင်းတိုတို လေးထဲသွင်းမထည့်ပါဘူး"

"အဲဒါကိုတော့ ယုံပါတယ် . . . ဒါပေမယ့် အဖေ့မှာ ဆန္ဒတစ်ခု ရှိတယ်လေ . . ."





"ဘာလဲ အဖေ ပြော"

"အဖေက ရင်အုံကို ဖွင့်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းပြီး လူတွေကို စကားပြောချင်ခဲ့သေးတာ"

"ဟာ . . . အဖေ အဲဒါဆိုရင်တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်တာလဲ"

"အခေါင်းက အရှည်ကြီးဖြစ်ပြီး အကျယ်ကြီးဖြစ်သွားလိမ့်မယ်. . ."

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ မြင်မကောင်းဘူးပေါ့ အဖေရယ်"

"ငါလေ . . . တယ်"

ထိုသို့ပြောပြီး သူ လှည့်ထွက်သွား၏။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

သူ့ဈာပနကို သူ့သားသမီးများက စည်စည်ကားကား ကျင်းပပေးလေပါသည်။ သို့သော်တစ်ခုတော့ ရှိသည်။ ခေါင်းအကျယ်ကြီး မဖြစ်ပါ။ အုတ်ဂူကိုတော့ အကျယ်ကြီးလုပ်ထားပေးကြသည်။ အုတ်ဂူအကျယ်ကြီးထဲသို့ ခေါင်းအရှည်ကြီးထည့်ကာ လူအများက တဖွဲဖွဲပြန်ထွက်သွားကြသည်။

သရဲများ၏ မှတ်တမ်းအရတော့ ထိုဂူသည် ထိုညက အတော်လေး ဆူဆူပူပူ လုပ်ခဲ့ကြောင်း သိရလေသည်။

❑





## လူနှင့် ထွေရာလေးပါးလောက



www.burmeseclassic.com

www.burmeseclassic.com



# ယုနှင့် ဆွေရာလေးပါးပေါ်က

တာရာမင်းဝေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ညောင်တစ်ပင်ရွာလေးကား အိမ်ခြေသုံးရာမျှဖြင့် စည်ပင်အေးချမ်းလှလေသည်။ ရွာဘုရားပွဲလုပ်လျှင် ရွာနီးချုပ်စပ်မှ လှည်းများ လှေများဖြင့် သိုက်သိုက်ဝန်းဝန်း ရှိလှသည်။

သူတို့ရွာလေးတွင် တလောကမှ ပြဿနာတစ်ခုဖြစ်သွား၏။ ဦးတာတီး သေသွားခြင်းဖြစ်သည်။ ညကြီးသန်းခေါင် ချောင်းထဲသို့ ဦးတာတီး ရေဆင်းချိုးသည်။ ကိုးရက်ခန့်တွင် အလောင်းပြန်ရသည်။ သူ့အလောင်းကို မြှုပ်နှံပေးမည့်သူမရှိ၊ အဘယ်ကြောင့်ဆိုသော် ဦးတာတီးကား ဤရွာမှ သူဘရာဇာဖြစ်၏။ သူများရုပ်အလောင်းကို သူကိုယ်တိုင်မြှုပ်နှံပေးခဲ့သော်လည်း သူ့အလောင်းကို မြှုပ်နှံပေးမည့်သူမရှိချေ။ ပြဿနာကား ထိုပြဿနာပင် ဖြစ်လေသည်။

●





## အခန်း (၂)

"မင်းတို့ဘာကောင်တွေလဲကွ . . ."

ရွာဦးကျောင်းဆရာတော် ဝင်ကျိန်းမှ ပြဿနာကား ပြေလည်သွားတော့သည်။ ရွာသားလေးငါးဦးပေါင်းစည်းကာ ထိုအလောင်းကို မြေမြှုပ်ပေးလိုက်သည်။ မြေပေါ်တွင် ဦးတာတီးဆိုသော ဆိုင်းဘုတ်ကိုလည်း ခနော်ခနဲ့ စိုက်ထူထားသေးသည်။ ထိုသို့ဖြစ်ပြီး လဝက်ခန့်အကြာတွင် ညောင်တစ်ပင်ရွာလေးသို့ လူငယ်တစ်ယောက် ရောက်ရှိလာသည်။ ရုပ်ရည်ချောမောကြည်လင်သည်။ ရွာဦးကျောင်းဆရာတော်ကို လျှောက်၏။

"တပည့်တော် ဦးတာတီးရဲ့ သားပါ . . ."

အဖေနှင့် သားကား ရုပ်ရည်ခြင်း တခြားစီ၊ ဆရာတော်က ထူးထူးထွေထွေ မြွက်ကြားခြင်း မရှိ။

"အေး . . . ရွာအပြင် သုဿာန်ထဲမှာတော့ မင်းအဖေရဲ့ အထိမ်းအမှတ်မြေမှတ်တိုင်လေးရှိတယ် . . ."

ထိုလူငယ်သည် ဦးတာတီး၏ မြေမှတ်တိုင်ရှေ့တွင် အတန်ကြာ ငေးငိုင်နေ၏။ ထို့နောက်မှ ရွာလူကြီးများထံ ခွင့်ပန်ပြီး . . .

"ကျွန်တော့် အဖေရဲ့ အလောင်းနေရာကို အုတ်ဂူအဖြစ် ပြင်ချင်တယ် . . . ခွင့်ပြုပါ"

လူကြီးများက ခွင့်ပြုလိုက်၏။

ထိုလူငယ်သည် ငွေကြေးချမ်းသာပုံရ၏။ ငွေအင်အားကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုကာ ဦးတာတီး၏ အုတ်ဂူအားရက်ပိုင်းအတွင်းတွင် ပြီးအောင်စီမံလိုက်သည် လူငယ်သည် ရွာလူကြီးများထံ ခွင့်ပန်ပြန်၏။

"ရွာဦးစေတီက မုခ်ဦးဟာ ပျက်စီးနေပါပြီ၊ ကျွန်တော်ပြင်ပေးပါရစေ"

ရွာလူကြီးများက ဆရာတော်နှင့် တိုင်ပင်သည်။ ထို့နောက် ခွင့်ပြုလိုက်ကြပြန်သည်။

လူငယ်က ငွေဖောဖောသီသီသုံးကာ မုခ်ဦးကို အသစ်ပြင်ဆင်ပြန်သည်။

"ကွယ်လွန်သူ ဦးတာတီးကောင်းမှု" ဟုလည်း ရေးထိုး၏။ ထို့နောက် တစ်ရွာလုံးကို နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

●





## အခန်း (၃)

ထိုဖြစ်ရပ်ဖြစ်ပြီးသည်မှာ သုံးလခန့်ကြာသွားသည်။ ထိုအခါကျမှ ထိတ်လန့်စရာကောင်းသော သတင်းကပေါ်ထွက်လာပြန်သည်။ ဦးတာတီးမသေဘဲ ပြန်ရောက်လာခြင်းဖြစ်၏။

သူကိုယ်တိုင် တအံ့တဩဖြစ်နေသည်။

"တပည့်တော် ရေနစ်သွားတာ မှန်ပါတယ်ဘုရား . . . ဆင်သေချောင်းရွာသားတွေ ဝိုင်းကယ်ထားလို့ မသေတာပါ . . . နောက်ပြီး တပည့်တော်မှာ သားသမီးလည်း မရှိပါဘူး ဘုရား . . . တပည့်တော် လူပျိုကြီးပါ . . ."

ဖိုးသူတော်ကြီးက ဝင်ပြော၏။

"အေးလေ . . . ဘာပဲပြောပြော လောလောဆယ်မှာ မင်းသေသွားလို့ အဆင်ပြေပြီပဲ . . . မင်းအတွက် အုတ်ဂူနဲ့ ကွယ်လွန်သူ



www.burmeseclassic.com

www.burmeseclassic.com



မင်းလှူထားတဲ့ စေတီမုခ်ဦးကြီးနဲ့ အဆင်ကိုပြေနေတာပဲ . . .”

ဦးတာတီး၏ သတင်းကား တစ်ရွာလုံးကို တောမီးပမာ ပျံ့နှံ့သွား၏။

“ဒါဆို ခုလောကူညီတဲ့ သူငယ်လေးက နတ်သားလေး ဖြစ်မယ်ထင်တယ် . . .”

“ဟုတ်ပါ့တော်၊ ဒါကြောင့် သူ့ကိုကြည့်ရတာ တစ်ချက်တစ်ချက် ရွှေရောင်တောက်ပါတယ်လို့ . . .”

“မကြည့်ရက်လို့ လာကူညီသွားတာ ဖြစ်မှာပေါ့အေ”

ထိုသို့ဖြင့် . . .

●





အခန်း (၄)

ရွာသူရွာသားများသည် သချိုင်းထဲမှ ဖြတ်သွားလျှင် ဦးတာတီး၏ အုတ်ဂူနံဘေးမှာ ခပ်ရိုရိုဖြတ်သွားကြသည်။ ရွာဘုရားပွဲဆိုရင်လည်း ကွယ်လွန်သူ ဦးတာတီး၏ စေတီမုခ်ဦးဘက်မှာ စည်ကားလျက်၊ သက်ရှိရှိနေသေးသော သုဘရာဇာကြီး ဦးတာတီးမှာသာလျှင် သချိုင်းဇရပ်ပျက်မှ မှောင်ထဲတွင် ဆေးလိပ်မီး တရဲရဲနှင့် . . .

လောကကြီးကို ဘာမှန်းမသိဖြစ်နေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁)

“ခင်ဗျားကို ကြည့်ပြီး ကျုပ် အံ့သြနေပါတယ်”

“ဘာဖြစ်လို့လဲ”

“ခင်ဗျားက ကြက်ဖတွေကို တစ်နေ့တစ်ကောင်ဝယ်တယ် . . . ပြီး ဘာမှလည်း မလုပ်ဘူး . . . ဘာဖြစ်လို့လဲဗျ”

“ဘာမှ မဖြစ်ပါဘူး . . . ကျုပ်သုတေသန တစ်ခု လုပ်နေတာ . . .”

“အံ့ရော . . . ဘယ်လို သုတေသနမျိုးလဲဗျ”

“ကြက်ဖတွေ နေ့ဘက်မှာပါ တွန်အောင်လို့ပါ”

“တချို့ကြက်ဖတွေ နေ့ဘက်လည်း တွန်ကြပါတယ်ဗျ”

“ကျုပ်လိုချင်တာက အဲဒါမျိုးမဟုတ်ဘူးဗျ . . . မနက်စောစော နေလုံးနီနီနဲ့ ကောင်းကင်ဖြူဖြူကိုကြည့်ပြီး အားရပါးရ တွန်လိုက်တဲ့





တွန်သံမျိုး”

“တဆိတ် . . . ခင်ဗျားကို ကျုပ်ဖြတ်မေးပါဦးမယ်”

“ဘာလဲ . . . မေးပါ”

“ခင်ဗျားကို ရူးနေတဲ့လူလို့ မပြောကြဘူးလား”

“မပြောကြပါဘူး”

“ယဉ်ယဉ်လေးရူးနေတဲ့လူလို့ရောဗျာ”

“အဲဒီလိုတော့ ပြောကြပါတယ် . . . ဒါပေမဲ့ အဲဒါကိုလည်း ကျုပ်လက်မခံဘူး . . . ကျုပ်တွေ့ရှိချက်သာ မှန်သွားရင် ကမ္ဘာကျော်မယ့်ကိစ္စပဲ . . .”

“ခင်ဗျားရဲ့ သုတေသနခန်းကို ကျုပ်ခဏ လိုက်ကြည့်လို့ရမလား . . .”

“ရပါတယ် . . . ဘယ်သူမဆို လိုက်ကြည့်လို့ရပါတယ်”

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

“ဟာ . . . ကြက်ဖတွေကလည်း အများကြီးပါလား . . . ခင်ဗျားက သူတို့ နေ့ဘက်တွန်အောင် ဘာလုပ်ထားလို့လဲ”

“သူတို့ကို အမှောင်ခန်းထဲ ပိတ်ထားပြီး ပန်းချီကား တစ်ချပ်ပြထားတယ်လေဗျာ”

“အဲဒီအခန်းထဲရော ကျွန်တော် ဝင်ကြည့်လို့ရမလား”

“ရတယ်လေ . . .”

“ဟော့ . . . ဟော့ . . . ကျုပ်ပြန်ထွက်ချင်ပြီ”

“ပြန်ထွက်ရင် ထွက်လာခဲ့လေ. . . အပြင်မှာ ကျုပ်ရှိနေတယ် . . .”

“ခင်ဗျား စတူဒီယိုခန်းကဗျာ . . .”





“ဘာလဲ . . .”

“ဘယ်ကြက်ဖမှ တွန်မှာမဟုတ်ဘူး . . . ခင်ဗျားပြောတော့ နေလုံးနီနီနဲ့ ကောင်းကင်ဖြူဖြူဆို”

“ဟုတ်တယ်လေ . . . နေလုံးနီနီနဲ့ ကောင်းကင်ဖြူဖြူပဲဟာ. . .”


“ဘယ်ကလာ ခင်ဗျားဆွဲပြထားတာ ဂျပန်နိုင်ငံအလံကြီးပဲ. . .”

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မြို့နှင့် မဝေးပါ၊ ရွာနှင့်မနီးသော ဈေးတန်းတစ်ခုမှာ ဖြစ်၏။ သားငါးသစ်သီးဝလံစုံလင်စွာဖြင့် ရောင်းချနေသော ဈေးတစ်ခုရှိ၏။ ဈေးနေ့မို့ လူသူစည်ကားလှပေသည်။

ထိုဈေးခင်းထဲသို့ . . . အဘိုးအိုတစ်ယောက် ချောင်းတဟွတ်ဟွတ်ဆိုးကာ ဝင်ရောက်လာသည်။ လွတ်ကင်းရာတစ်နေရာ၌ ပေဒင်ဟောသည်ဟူသည့် ပိတ်စအပါးတစ်ခုကို မြေပြင်ပေါ်ဖြန့်ခင်းကာ ဖဲထုပ်တစ်ထုပ်နှင့်အတူ ထိုင်နေလေသည်။

●



## အခန်း (၂)

လူငယ်တစ်ဦးက အဘိုးအိုထံ ချဉ်းကပ်ကာ . . .

“ပေဒင်ဟောကြေးက ဘယ်လိုယူတုန်းဗျ . . .”

“စေတနာကြေးပါပဲ . . .” ထိုအခါ လူငယ်က . . .

“အခု ကျွန်တော် ဘယ်လိုဖြစ်နေသလဲဆိုတာကို ပြောပြပါ. . .”

“ဖဲချပ်တစ်ချပ်ဆွဲပါ . . .” လူငယ်က ဖဲချပ်တစ်ချပ်ဆွဲလိုက်၏။ ထိုဖဲချပ်ကိုကြည့်ကာ အဘိုးအိုက . . .

“မောင်ရင်ဟာ အခုမနိုင်ဝန်တွေ ထမ်းနေရတယ်”

“ဟုတ်ပါတယ် . . .”

“မိန်းမက ဆုံးသွားပြီး ယောက္ခမကျန်ရစ်ခဲ့တယ် . . . ကလေးတစ်ယောက်နဲ့ အတူနေရာပြောင်းရွှေ့ကိန်းလည်း ကြုံနေရတယ်. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မှန်လိုက်တာဗျာ၊ မှန်လိုက်တာ"

လူငယ်ထွက်သွားပြီးနောက် အဘိုးအို၏ နံဘေးမှာ ပရိသတ်များ စည်ကားရောက်ရှိလာသည်။ တစ်ယောက်က မေးသည်။

"အဘိုးကြီး ကျုပ်အခြေအနေလည်း ဟောပါဦး . . ."

ထို့နောက် ဖဲတစ်ချပ်ဆွဲယူပေးလိုက်၏။ အဘိုးအိုက ထိုဖဲချပ်ကိုကြည့်ကာ . . .

"မောင်ရင့်မှာ မိန်းမသုံးယောက်ရှိတယ် . . . အနီရောင်ဝတ်တတ်တဲ့ မိန်းမကလွဲရင် ကျန်တဲ့မိန်းမနှစ်ယောက်က မောင်ရင့်ကို ကောင်းကျိုးမပေးဘူး . . ."

"အစစ်ပါပဲဗျာ . . . အစစ်ပါပဲ"





## အခန်း (၃)

တဖြည်းဖြည်းနှင့် ဈေးကွဲစပြုလာပြီ။ အဘိုးအိုကြီးနံဘေးတွင်လည်း လူသူမရှိလှပါ။ ဝဖိုင့်ဖိုင့် သူကြွယ်ကြီးတစ်ယောက် ဂျစ်ပစီကြီးထံ ဗေဒင်လာမေး၏။

"ကျုပ်ရဲ့ လက်ရှိအခြေအနေအကြောင်း"

"ခင်ဗျားဇနီးမှာ ကိုယ်ဝန်ရှိနေပြီ . . . နောင်ခုနှစ်လကြာရင် မွေးလိမ့်မယ် . . . သမီးမိန်းကလေးဖြစ်လိမ့်မယ်"

သူကြွယ်ကြီး ပျော်မြူးကာ ပြန်သွားသည်။ ဈေးသိမ်းချိန်ရောက်ပြီဖြစ်၍ ဂျစ်ပစီကြီးလည်း ပြန်ရန်ပြင်၏။ ထိုအချိန်မှာပင် သူ့အနားသို့ လူတစ်စု ဝိုင်းရံလာကာ

"နေပါဦး အဘိုးကြီးရဲ့ . . . ဗေဒင်လေးတစ်ခွန်းလောက်မေးမလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ . . . ရပါတယ်" ခေါင်းဆောင်ဖြစ်ဟန်တူ သူက ဖဲတစ်ချပ်ကို ဆွဲထုတ်သည်။

"ဒါ ဘာလဲ . . ."

"ဒါ သင်အချုပ်အနှောင်ခံရမယ့်ကတ်ပဲ . . ." အားလုံး ဝိုင်းကနဲ ဝိုင်းရယ်ကြကာ ဂျစ်ပစီအဘိုးအိုကို မထီမဲ့မြင်ပြုကြ၏။ ခေါင်းဆောင်ဖြစ်ဟန်တူသူက ဝံ့ကြွားစွာ

"ငါကား တပ်မှူးကြီးပင်ဖြစ်တော့၏။" ထိုအခိုက်မှာပင် သူတို့အုပ်စုကို အင်အားပိုကောင်းသော အခြားအုပ်စုတစ်စုက ဝိုင်းရံလိုက်၏။ ချောင်းတဟွတ်ဟွတ်ဆိုးနေသော ဂျစ်ပစီအဘိုးအိုက မျက်နှာပေါ်မှ ရပ်ဖျက်ဆေးများကို လက်နှင့်သပ်ချကာ ဖဲချပ်တစ်ချပ်ကို ဆွဲယူထုတ်ပြလိုက်၏။

နှုတ်မှလည်း တစ်ခွန်းတည်းသော စကားကိုဆိုလေသည်။

"ငါကား ဘုရင်မင်းမြတ် ဖြစ်တော့သတည်း . . ."

❑





## တမလွန်အပြေးသမား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူဆိုက်ကားဘီးကို နံဘေးသို့ အမြန်ဆွဲချလိုက်၏။ သို့သော် မလွတ်တော့ပေ။

"ဝုန်း . . ."

"အား . . ."

●





## အခန်း (၂)

ဟိန်းသံကြီးနှင့် မေးသံကို ကြားရသည်။

"မင်း အခုဘယ်ရောက်နေလဲ သိလား"

ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ရင်း . . .

"ဟုတ်ကဲ့ . . . ကျွန်တော်သိပါတယ် . . . ငရဲပြည်လား"

ငရဲသားကြီးက ရှင်းပြလေသည်။

"အမှန်တော့ မင်း ငရဲပြည်ရောက်ရမှာ စောသေးတယ်။ အဝေးပြေးကားကြီးက ဘရိတ်ပေါက်ပြီး မင်းရဲ့ဆိုက်ကားကို ဝင်တိုက်တာနဲ့ မင်း "တို့" ဆီရောက်လာတာ၊ နေပါဦး။ မင်းကလဲ . . . ခရီးသည်မပါဘဲ ဆိုက်ကားကို ဒီလောက်မြန်မြန်ကြီး ဘာလို့နင်းလာရတာလဲ။"

"ကျွန်တော် အောင်စာရင်း ကြည့်ချင်လို့ပါ။ ကျွန်တော် ဆယ်တန်းစာမေးပွဲကို ကြိုးစားပမ်းစားဖြေထားတာလေ . . . အောင်၊



www.burmeseclassic.com

www.burmeseclassic.com



မအောင်သိချင်လို့ပါ”

သူ့ရှေ့မှ ငရဲသားကြီး ရုတ်တရက် ပျောက်သွားသည်။ သို့သော် ချက်ချင်းဆိုသလို ပြန်ပေါ်လာကာ . . .

“ကဲ . . . တို့ယမမင်းကြီးက မင်းကိုသနားလို့ အချိန်နည်းနည်း လေးခွင့်ပြုလိုက်တယ်၊ မင်းတို့ လူ့ပြည်အခေါ် “သုံး” မိနစ်ရမယ်။”

●





အခန်း (၃)

လူ့ပြည်သို့ သူ ပြန်ရောက်လာသည်။ အချိန်ကား လင်းအာရုဏ်ဝင်စ၊ စာမေးပွဲအောင်စာရင်းကို အလုအယက်ကြည့်ရှုနေသော ကျောင်းသားများက တအုံတခဲ၊ သူ့ရှေ့တိုး၍မရ၊ နောက်ပြန်ဆုတ်ကာ အခြေအနေကြည့်ရသည်။ ထိုအချိန်မှာ နံဘေးမှစကားသံများ သူ့နားတွင် ကြားလိုက်ရသည်။

“ဟဲ့ ရာဇာသိမ့်သိမ့်ထွား နင် ဘာသာစုံဂုဏ်ထူးနဲ့အောင်တယ် ဆို”

“အေး တို့ဒက်ဒီက ကားအသစ်တစ်စီးဝယ်ပေးမယ်တဲ့”

“ပွတာပဲ”

“ဟေ့ ဟေ့ မကျင်စွိ မကျင်စွိ နင်တို့ညီအစ်မလည်း ဒီတွေ အများကြီးနဲ့အောင်တယ်၊ ဘာကျွေးမလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် တို့က ဆေးကျောင်းတက်ရရုံလေး ဒီပါတာပါဟယ် တို့အန်းကျိတ်က ဘန်ကောက်လိုက်ပို့မယ်တဲ့"

သူ စာမေးပွဲအောင်စာရင်းကို ထပ်ကြည့်ချင်စိတ်မရှိ တော့ပေ။

●





အခန်း (၄)

ထိုအချိန် သူ့ရှေ့တွင် ငရဲသားကြီး ဝိုးတဝါးပေါ်လာသည်။

"ဟော့ကောင်လေး မင်း အချိန်မရတော့ဘူး၊ မင်းတို့လူ့ပြည် အခေါ် အချိန်"တစ်"မိနစ်ပဲကျန်တော့တယ်"

"တစ်မိနစ်" တစ်မိနစ်ဟူသောအချိန်တွင် သူ ဘာလုပ်မည်နည်း။

သူ စဉ်းစားလိုက်သည်။

ပြေးကြည့်မည်။ တစ်မိနစ်ဆိုသော အချိန်အတောအတွင်း သူ မည်မျှရောက်အောင်ပြေးနိုင်မည်လဲဟု သိလို၍။ ထို့ကြောင့် ဖိနပ်ချွတ်ပုဆိုးခါးတောင်းကျိုက်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဆီမှာ ရောင်နီလဲ့လဲ့. . .။

တအားကုန်. . .

တစ်ဟုန်ထိုး. . .

ပြေး. . .

ဝေး. . .

❑





# ဟာမိုနီအပြေးသမား


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မြို့ပြင်ဈေးတန်းတစ်ခုမှာဖြစ်၏။ ဖိနပ်ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့တွင် ဖိနပ်မပါသောလူတစ်ယောက် ငေးမောကြည့်ရှုနေသည်။ ဒီထက်သေချာသော ဈေးဝယ်သူမရှိနိုင်တော့ပြီဖြစ်သောကြောင့် ဆိုင်ရှင်က နှုတ်ခွန်းချိုသာစွာ. . .

"ဘာဖိနပ်လိုချင်လဲ ကြည့်ပါ. . . အကြမ်းသုံးလည်းရတယ် အနုသုံးလည်းရတယ်"

"မဝယ်တော့ပါဘူးဗျာ. . ."

"ဟင်. . . ခင်ဗျားမှာ ဖိနပ်မှမရှိဘဲ"

"ဟာ. . . ကျုပ်က ဂရိဒဿနအနုပညာရှင်ကြီးတွေအတိုင်း လိုက်လုပ်ကြည့်တာပါ"





"ဘာအဓိပ္ပာယ်လဲ"

"သြော်. . . လောကကြီးမှာ မလိုအပ်တဲ့အရာတွေ ဘယ်လောက်တောင် များနေပြီလဲဆိုတာ လိုက်ကြည့်တာပါ"

ထို့နောက် ထိုလူ လှည့်ထွက်သွားတော့၏။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဖိနပ်ချုပ်ဆိုင်ရှေ့မှာ ထိုလူရပ်မြန်၏။ ဖိနပ်ချုပ်သမားက ဗလာ ကျင်းနေသော သူ့ခြေထောက်ကိုကြည့်ကာ. . .

"ဖိနပ်က ဘယ်မှာလဲ"

"ကျုပ်က ဖိနပ်ချုပ်ဖို့လာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကိစ္စလဲ"

"ခင်ဗျား ဖိနပ်ချုပ်တာ တစ်ဖက်နဲ့တစ်ဖက် ဟာမိုနီဖြစ်ရဲ့လား လို့ လာကြည့်တာပါ"

"သက်သက်မဲ့ အလုပ်မရှိ အလုပ်ရှာလို့ဗျာ"

ထို့နောက် သူ ချုပ်လက်စဖိနပ်ကို ဆက်၍ချုပ်နေသည်။ ထိုလူလည်း ခေတ္တမျှရပ်ကြည့်ပြီးနောက် ထွက်ခွာသွားပါသည်။

●





## အခန်း (၃)

မြို့ထဲမှ လူငယ်များက ထိုလူ့ကိုရှေ့တွင် အစ်ကိုကြီးဟုခေါ်၍ နောက်ကွယ်ရာတွင် ဟာမိုနီကြီးဟုခေါ်ကြသည်။

"အစ်ကိုကြီး"

"ဟေ ဘာလဲကွ"

"စမူဆာက ဘာကိစ္စ အချဉ်ရည်နဲ့ တို့စားရတာလဲ"

"ဟာမိုနီပေါ့ကွာ သူတို့ရဲ့ သဟဇာတဖြစ်မှာပေါ့"

"ဒါဆိုရင် ဘူးသီးကြော်ကိုရော အချဉ်ရည်နဲ့တင်မဟုတ်ဘဲ ဆလပ်ရွက်နဲ့ တွဲစားတာရော"

"ဟာ. . . ဒါလည်း ဟာမိုနီပဲကွ၊ သူတို့ရဲ့ညီညွတ် မျှတမှုပေါ့"

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သူက လူပျိုကြီးဖြစ်သဖြင့် တစ်နေ့မှာ အခက်အခဲတစ်ရပ်နှင့် ကြုံရလေသည်။

"အစ်ကိုကြီး အစ်ကိုကြီး"

မြို့ခံကာလသားတို့ သူ့အိမ်သို့ရောက်ရှိလာသည်။

"အစ်ကိုကြီး လောကမှာ နေရယ်၊ လရယ်၊ အပူရယ်၊ အအေးရယ်၊ အမှောင်ရယ် အလင်းရယ်၊ အဖိုရယ် အမရယ်ဆိုတာရှိမှ ပြည့်စုံတာမဟုတ်လား. . . ဒါမှ ဟာမိုနီဖြစ်မယ်မဟုတ်လား"

"အေးလေ. . . အဲဒါ ဘာဖြစ်လို့လဲ"

"အစ်ကိုကြီး ခုလို အဖို တစ်ယောက်တည်း တလွှပ်တစ်ကင်းကြီးဖြစ်နေလို့ ကျွန်တော်တို့အစ်ကိုကြီး ဟာမိုနီဖြစ်သွားအောင် အမဓာတ်ရှာလာတယ်"





"ဘာတွေပြောနေတာလဲ ဘယ်မှာလဲ"

"အစ်ကိုကြီးလည်း လူပျိုကြီး၊ သူလည်း အပျိုကြီးပဲ၊ ဒါထက် ပိုနီးစပ်တာက အစ်ကိုကြီးက ဖိနပ်မစီးသလို သူက ဖိနပ်စီးပေမဲ့ ခြေထောက် ဘယ်တော့မှမဆေးဘူး"

"ဘယ်မှာလဲ"

သူတို့ဆွေးနွေးခေါ်ဆောင်လာပုံရသော အသက်'၃၀'ကျော်မိန်းမတစ်ယောက်ကို ရှေ့သို့တွန်းထိုးပြ၏။

"အဟီး. . . "

အမျိုးသမီးက သူ့ကို ရယ်ပြသည်။ သူက ခြေထောက်ကိုသာ အမိကထားကြည့်မိသည်။ အမျိုးသမီး၏ခြေထောက်မှာက ဝဲလိုလို နှင်းခူလိုလို အနာတွေပြည့်နေသည်။

"ဟာ မဖြစ်ဘူး မဖြစ်ဘူး"

လူအုပ်ကြားမှာ အတင်းရုန်း၍ သူ ပြေးထွက်ခဲ့သည်။

"အစ်ကိုကြီး အစ်ကိုကြီး"

"အစ်ကိုကြီး ဟာမိုနီလေ ဟာမိုနီ အစ်ကိုရဲ့"


တချို့က သူ့နောက်မှ ပြေးလိုက်ကြသည်။ သူကား လှည့်မကြည့်တမ်းကို ပြေးထွက်ခဲ့သည်။ ဟာမိုနီ ဟုတ်သည်လေ၊ ယခုလိုလိုက်သူကား လိုက်၍ပြေးသူက ပြေးနေခြင်းသည်လည်း ဟာမိုနီ မဟုတ်ပါလော။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ရောက်လုနီးပါပြီ သားကြီးရဲ့. . . ဟိုညောင်ပင်ရှေ့ကိုကျော်ရင် ရောက်ပါပြီ"

အဘိုးအိုက သူ့ခွေးအိုကြီး မိုးညိုကို ပွေ့ဖက်လျက် အားပေးစကားဆိုသည်။

"ရှေ့မှာ အဲဒီသူဌေးကြီး လင်မယား'၃၅'နှစ်မြောက် မွေးနေ့ဆိုလား မြိုင်မြိုင်ဆိုင်ဆိုင်ကျွေးနေတယ်. . . အဲဒီရောက်ရင်တော့ တို့တစ်တွေ ဗိုက်ကားအောင် စားရပြီပေါ့ကွာ"

●





## အခန်း (၂)

မကြာမီမှာပဲ သူတို့တွေ အလှူအိမ်သို့ ရောက်ရှိသွားကြသည်။

"ကြွကြွပါရှင်. . . ကြွကြွပါ"

"ဟယ်. . . ဒီလိုဟာတွေကလည်း ပါရသေးသကိုး"

"သူတို့ကို နောက်ဖေးဘက်ပို့ပေးလိုက်စမ်း အကြွင်းအကျန်တွေစားပါစေ"

သူတို့တွေ နောက်ဖေးဘက်သို့ရောက်သွားကြသည်။ မကြာမီ အကြွင်းအကျန်အရိုးအရင်းများ လာ၍ပစ်ချပေးသွားသည်။ အဘိုးအိုကား ပြိုင်ဘက်မရှိပင် လွှင့်ပစ်သည့် အကြွင်းအကျန်များကို ပိုပိုမိုမိုရရှိလိုက်၏။ ခွေးအိုကြီးမိုးညိုသည်ကား ခွေးပျိုတွေကြားမှာ နာလံမထူနိုင်ပေ။ သူ ဒီအတိုင်းနောက်ဆုတ်ထွက်အလာ အဘိုးအိုကလှမ်းခေါ်၏။

"မိုးညိုရေ လာလာ ငါရထားတာနဲ့ တို့နှစ်ယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com


တယ်"

ခွေးအိုကြီးနှင့်အတူ အဘိုးအိုသည် သူတို့နေထိုင်ရာဇရပ်ပျက်သို့ပြန်လာကြသည်။ ရသမျှကို ခွဲဝေစားသောက်ပြီး ညနေခင်းကိုဖြတ်သန်းကြ၏။ အဘိုးအိုကားတိုင်လေးမှီလျက် မိုးညိုကားတိုင်နံဘေးတွင် ဝပ်လျက် အဘိုးအိုက မရှိတော့ပြီဖြစ်သော မိုးညို၏အမွေးများကို ရီဝေစွာပွတ်လျက်. . .

●



အခန်း (၃)

အိပ်မောကျနေချိန်တွင် ပါးပြင်မှ စိုတိစိုဖတ်အထိအတွေ့ကြောင့် အဘိုးအိုလန့်နိုးလာသည်။ မိုးညိုကြီးက သူ့ပါးကိုလာလျက်နေခြင်းဖြစ်သည်။

"ဟာ. . . ဟေ့ကောင်ကြီး တို့တွေစားပြီးပြီလေကွာ"

ဆက်မပြောလိုက်ရပါ။ မိုးညိုကြီးက 'အု'ခနဲ အသံထွက်လျက် လဲကျသွားလေ၏။ အဘိုးအိုသည် မိုးညိုကြီး၏မျက်နှာကို ပွတ်သပ်ကာ ကြယ်မဲ့ကောင်းကင်ကို ကြည့်၏။ အမှောင်ပိန်းပိန်းကို ကြည့်၏။ ထို့နောက်. . .

"သြော်. . . မင်းက အရင်သွားနှင့်ပြီကိုး"

ထိုသို့ပြောပြီး မိုးညိုကြီး၏ မဆုံးလိုက်သောအသံကို သူကဆက်ပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com





. . . . . . . . .

အသံအဆုံးမှာ သူ့မျက်လုံးအစုံကလည်း ပိတ်သွားတော့၏။ နွေညကား ပူပြင်း တိတ်ဆိတ်လျက် ကျန်ခဲ့သည်။

❑




# စာနယ်ဇင်းသမားတစ်ဦး၏ တစ်နေ့တာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ကချေသည်နှင့်တွေ့ဆုံခြင်း

"မင်းသားကြီး မင်းသားကြီး"

"ဘာမေးမလို့လဲ"

"မင်းသားကြီး အခုကတာ အရမ်းလှတာပဲ"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

"ခြေထောက်နှစ်ချောင်းတည်းနဲ့တောင် ဒီလောက်ကနိုင်ရင် ခြေထောက်သုံးချောင်းဆို ဘယ်လောက်လှလိုက်မလဲ"

"အဲဒါဆိုလည်း ကျုပ် ခုလိုပဲ ရှုံသွင်းပြခံရမှာပေါ့"

●





## မြေခွေးနှင့်စကား စမည်

"ကိုမြေခွေး. . . ကိုမြေခွေး"

"ဘာတုန်းဗျာ"

"ကိုမြေခွေးက အတော်ကောက်ကျစ်တယ်လို့ ကြားရတယ်"

"ဘာကိုဆိုလိုချင်တာလဲ"

"ကောက်ကျစ်မှုပညာကို မြေခွေးတွေမသင်ဘဲ တတ်ခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"မင်းမေးခွန်းကို ငါမဖြေနိုင်ဘူး"

"ခင်ဗျား. . . ဘာဖြစ်လို့လဲ"

"မင်း မေးခွန်းကိုကကောက်ကျစ်နေတယ်"

●



www.burmeseclassic.com

www.burmeseclassic.com

## ညှော်ခံပွဲမှ ပြန်လာသူ

"ညှော်သည်ကြီး ညှော်သည်ကြီးကို တစ်ခုမေးပါရစေ"

"ဆိုဗျာ"

"ညှော်သည်ကြီး ညှော်ခံပွဲက အခုပဲစားသောက်ပြီးပြန်လာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်. . . ဘာဖြစ်လို့လဲ"

"စကားတစ်ခွန်း ကြားပြီးပြီလား"

"လူလိမ္မာတွေ စားသောက်ဖို့အတွက် လူမိုက်တွေက ချက်ပြုတ်ပေးရတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်တယ်. . ."

"ဒါဆို ညှော်သည်ကြီး ဘာနဲ့များ စားသောက်ခဲ့ပါသလဲ ခင်ဗျား"

"ငါးပိရည်"

●





## ရောင့်ရဲသူနှင့် တွေ့ဆုံခြင်း

"အဘိုး. . . အဘိုးက အရမ်းရောင့်ရဲတတ်တယ်ဆို"

"အေး"

"ဘယ်လိုလုပ် ဒီလောက်ရောင့်ရဲနိုင်တာလဲခင်ဗျ"

"ရောင့်ရဲချင်သူဟာ အရင်ဆုံး ကပ်စေးနှဲရတယ်ကွ၊ ကိုယ့်အိတ်ထဲကမထုတ်ဘဲ ကြာကြာနေနိုင်ရင်ရောင့်ရဲသူဖြစ်သွားရောတဲ့"

"သြော် တော်တော်တန်ဖိုးရှိတဲ့အဖြေပါပဲ၊ ဒါထက် ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ဟေ့ မောင်ရင်နေဦးလေကွာ"

"ခင်ဗျာ"

"ငါ့ကို အင်တာဗျူးခလေး ချီးမြှင့်သွားဦးလေကွာ"

●



www.burmeseclassic.com

www.burmeseclassic.com


## အပြောကြီးသူနှင့် တစ်လုံးစ နှစ်လုံးစ

"ဦးလေးကို အရမ်းအပြောကြီးတယ်လို့ ပြောကြတယ်"

"အေး. . ."

"ဦးလေးက တစ်နေ့တစ်နေ့ ပြောတဲ့အလုပ်ပဲလုပ်တယ်ဆို"

"ဟုတ်တယ်လေ"

"တခြားအလုပ် မလုပ်တော့ဘူးလား ဦးလေးရာ"

"မင်းရဲ့မေးခွန်းတွေထဲမှာပဲ အဖြေပါပြီးပြီလေ"

"ခင်ဗျာ ဘာလဲ အဓိပ္ပါယ်ရှိပါဦး"

"မင်းစကားထဲမှာ 'ပြောတဲ့အလုပ်' ဆိုတဲ့ စကားလုံးပါတယ်၊ ငါ့ကိုအပြောကြီးတယ်လို့လည်း စကားလုံးပါတယ်၊ ဒါဆို ငါက အလုပ်အကြီးကြီးလုပ်နေတဲ့လူပေါ့ကွ၊ ဟား. . . ဟား. . . ဟား. . ."

●



## မြင်းစီးသမားနှင့် ကိုယ်တိုင် တိုယ်ကျ

"ဗျို. . . မြင်းစီးသမားကြီး"

"ပြော"

"မြင်းစီးသမားကြီး စီးတဲ့ မြင်းက အထီးလား၊ အမလားဗျ"

"အမ"

"ဘယ်အချက်ကိုကြည့်ပြီး ပြောနိုင်တာလဲဗျ"


"ခွပ်"

"အား"

❑


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟော့. . . လူ"

". . . . . ."

"ဟော့. . . လူ"

". . . . . ."

အစကတော့ သူ့ကို ခေါ်နေမှန်းမသိ ဘေးဘီဝဲယာ ကြည့်မိသော်လည်း ဘယ်သူ့ကိုမျှမမြင် အသံလာရာကို စေ့ငုကြည့်ရှု မိတော့မှ

"ဟော့. . . လူ"

"ဟဲ့. . . သောက်ပလုတ်တုတ်. . . ဗျာ"

"ဒီလောက်ခေါ်နေတာတောင် ခင်ဗျား မကြားဘူးလား"

"ကြားပါတယ်. . . မမြင်မိလို့ပါ၊ ဒါနဲ့ မင်းဟာ မှင်စာလား"

သတ္တဝါလေးက သူ့လက်ထဲမှ တောင်ဝှေးကို မြေပြင်ပေါ်





ပြင်းထန်စွာ ဆောင့်လိုက်ကာ. . .

"ကျုပ် အခု ကြက်ကင်နှစ်ပွဲလောက် စားချင်တယ်၊ သွားစီစဉ်ပေးစမ်း. . ."

"ကြက်နှစ်ကောင်ကို မင်းက ကုန်မှာမို့လို့လား"

ပြောလည်းပြောစရာ ဖြစ်၏။ ဘီလူးဆိုသော သတ္တဝါလေးက လက်မလောက်လေး သူ့တောင်ဝှေးက သွားကြားထိုးတံလောက်ရှိသည်။

"ခင်ဗျားနဲ့ စကားပြောရတာရှည်လိုက်တာဗျာ. . . လာ ကျုပ်နဲ့ လိုက်ခဲ့"

ဘီလူးလေးက သူ့ကို ဦးဆောင်ခေါ်သွားသည်။ ဘီလူးလေး၏ လမ်းလျှောက်ဟန်သည် နှေးကွေးမည်ဟုထင်ရသော်လည်း သူ့ထက်ပင် မြန်ဆန်နေလေသည်။ အမောတကောဖြင့် လိုက်သွားရာ ကြက်ခြံ တစ်ခြံရှေ့သို့ ရောက်သွားလေသည်။ ဘီလူးလေးက သူ့တောင်ဝှေးကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ ကြက်သုံးကောင် သေလျက်ပါလာသည်။

"ခင်ဗျား တစ်ကောင်ယူ. . . ကျုပ်ကို နှစ်ကောင်ပေး"

"အိုး. . . ဖြစ်ရမှာပေါ့. . . ဖြစ်ရမှာပေါ့ဗျာ"

●



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂)

ထိုသို့ဖြင့် ထိုဘီလူးလေးနှင့်သူသည်၊ သူသည်လည်း ဘီလူးလေး အားကိုးဖြင့် စည်းစိမ်တွေတိုးပွားလာခဲ့သည်။ သူသည် တိုးပွားလာသော စည်းစိမ်များအပေါ်တွင် တင်းတိမ်မှုမရှိဘဲ ဘီလူးလေးကို မကောင်းကြံ ရန် ပြင်နေသည်။

"ဟေ့ ဘီလူးလေး. . ."

"ဘာလဲဗျ. . ."

"မင်းက စွမ်းတာလား တောင်ဝှေးက စွမ်းတာလား"

"နှစ်ခုပေါင်းမှ စွမ်းတာပေါ့ဗျ. . ."

"ငါ မယုံဘူး. . . တောင်ဝှေးက စွမ်းတာလို့ပဲ ယုံတယ်"

"ခင်ဗျားထင်တာ မှားနေပြီ. . ."

"ကဲ. . . ငါ လက်တွေ့ပြမယ်ကွာ. . ."



ထိုသို့ပြော၍ သူသည် ဘီလူးလေးကို ရေနှစ်သတ်လိုက် လေသည်။ ကျန်သောတောင်ဝှေးကလေးနှင့် သူသည် အရာရာတို့ကြည့် ထိကြည့်လေသည်။ မည်သို့မျှ မထူးခြား။ သူတစ်နေ့မှာ ဆုံးဖြတ်ချက် တစ်ခုချလေသည်။

"ဒီတောင်ဝှေးလေး ယူပြီး ဒါထက်ကြီးတဲ့ သူ့လိုဘီလူးတွေကို လိုက်ရှာရမယ်"

●


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တောထဲတောင်ထဲတွင် သွားကြားထိုးတံမျှရှိသော ဘီလူးတောင်ဝှေးလေးကိုကိုင်ကာ နေ့ညများစွာ သူ အချိန်ကုန်ခဲ့၏။

ဘီလူးခပ်ကြီးကြီး တတ်နိုင်သမျှ အစွမ်းကုန် ခပ်ကြီးကြီးနှင့် သူတွေ့လိုသည်။ ဘီလူးကြီးလျှင် စွမ်းအင်ကြီးမည် မဟုတ်ပါလော။

တစ်နေ့တွင် ပင်စည်လုံးကြီးတစ်လုံးပေါ်၌ သူ မှေးစက်အနားယူနေပါသည်။ ရုတ်တရက် ထိုပင်စည်လုံးကြီးက ဒရောသောပါး လှုပ်ရမ်းခါခြင်းကို ခံရပြီး. . .

"သွားစမ်း သွားစမ်း. . . ငါ ခရီးဆက်ရဦးမယ်"

တခြားသတ္တဝါများ ကဆုန်ပေါက်ပြေးထွက်သွားကြသော်လည်း သူမူကား ဝမ်းမြောက်ဝမ်းသာဖြစ်လျက်. . .

"ဘီလူးကြီးလား. . . တွေ့ရတာဝမ်းသာပါတယ်"





"မင်းက ဘယ်သူလဲ"

"ကျွန်တော်က ဘီလူးကြီးကို လိုက်ရှာနေတာပါ. . . ဒီတောင်ဝှေး လေးဟာ ဘီလူးကြီးတို့ အထိမ်းအမှတ်ဖြစ်ပုံပေါ်ပါတယ်. . ."

ဘီလူးကြီးက တောင်ဝှေးလေးကို ဆွဲယူကြည့်လိုက်သည်။

"အေး ဟုတ်တယ် ဒါ ငါတို့ရဲ့ မျိုးစဉ်တောင်ဝှေးပဲ၊ အခု အဲဒီကောင်ဘယ်မှာလဲ. . ."

"သူ ရေနစ်သေဆုံးသွားပါပြီ. . ."

"ဘာကွ. . . ဒါ မဖြစ်နိုင်ဘူး"

ဘီလူးကြီး၏ ကြိမ်းဝါးသံသည် တောတစ်ခုလုံး မြည်ဟည်းသိမ့်ညံ့သွားတော့သည်။ သူသည်လည်း ဘီလူးကြီး၏ လက်ဆုပ်ထဲတွင် အရုပ်ကလေးပမာ ကော့ကော့လံကာ ပါသွားလေသည်။

"ပြောစမ်း. . . မင်း ဘာရည်ရွယ်ချက်လဲ"

သူ ကြောက်လန့်တကြားဖြင့်. . .

"ဒီလိုပါ. . . ဘီလူးသေးသေးလေးကတောင်မှ စွမ်းအင်ဒီလောက်ကြီးမားနေရင် ဘီလူးကြီးကြီးမားမားမှာဆို စွမ်းအင်တွေ အတိုင်းထက်မက ရှိမယ်လို့ ယုံကြည်မိလို့ပါ. . . ခု ဈေးကွက်စီးပွားရေးခေတ်မှာကလည်း. . ."

"တော်ပြီ. . ."

သူ့ကို မြေကြီးပေါ်ဆောင့်ပေါက်လိုက်သည်။ မည်သည့်အရိုးကျိုးကြေသွားမှန်း မသိ သူ မှီအုံးခဲ့ရာ ပင်စည်တုံးကြီးဖြစ်သော ဘီလူးကြီး၏ တောင်ဝှေးက သူ့ကို စေ့စေ့ညက်ညက် ရိုက်သတ်လိုက်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘီလူးကြီးက စကားတစ်ခွန်းပြောကာ ထိုနေရာမှ ထွက်သွားလေသည်။

"လာ လာချေသေး. . . ဘီလူးကြီးရင် စွမ်းရည်ကြီးတယ်တဲ့၊ မှတ်ထားကွ၊ ဘီလူးကြီးရင် တောင်ဝှေးလည်းကြီးတယ်. . . "

❑





# လူနှင့် စောရ အကျိုးသက်ရောက်မှု



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ညကတော့ မလှမပ မှောင်ချေပြီ. . .။ ကောင်းကင်ထက်မှာ ကြယ်တွေက မသေမရှင် အသက်ရှူနေကြ၏. . .။ လမ်းထောင့်တစ်နေရာမှ အုံ့မှိုင်းသော ညဉ့်နှင်းမြူများကြားမှာ လုံခြုံရေးကင်းတဲတစ်ခုက ချမ်းတစိမ့်စိမ့်ရပ်တည်နေရှာလေသည်။

ကင်းတဲပေါ်မှာ အိပ်မှုန်စုံမွှားဖြစ်နေသော လုံခြုံရေးဝန်ထမ်းနှစ်ယောက်ရှိပါသည်။ တဝါးဝါးသမ်းဝေရင်း တစ်ယောက်က စကားစ၏။

"အိပ်ကောင်းခြင်း မအိပ်ရဘူးကွာ. . ."

နောက်တစ်ယောက်က ဖျောင်းဖျသလိုဆို၏။

"ဒါကတော့ကွာ သူခိုးသောင်းကျန်းနေတာကိုး"

"ဘာကိစ္စ ဒီလိုတွေဖြစ်နေရတာလဲကွာ. . .၊ သူ့ခြံတွင်းပေမို့





လုံ့ဝင်းကို အချျခက်တယ် နီးရက်နဲ့ဝေးတဲ့ တစ်ချို့ဆို သူများပစ္စည်းပေါ်မှာ ကိုယ့်စောင့်ထိန်းမှုကို အမြဲထားတယ်"

"အော်. . . မင်းကလည်းကွာ. . . မွေးကြိုင်ဝင့်စား ချိုမြရှားသည် ခိုးစားသစ်သီးဖြစ်သောကြောင့်တဲ့. . .၊ တစ်ချို့ကျတော့လည်း ခိုးစားတဲ့သစ်သီးကိုမှ ပိုချိုတယ် ထင်တတ်ကြတယ်"

"ဘာပဲပြောပြောကွာ. . . တို့မှာတော့ အိပ်ရေးပျက်တယ်၊ ပင်ပန်းတယ်"

"ဝီရိယနဲ့ စောင့်ကြည့်တာပေါ့ကွာ. . . သူခိုးကို ဒီညဖမ်းမိလိုက်ရင် နောက်ညတွေ တို့ မပင်ပမ်းတော့ဘူးပေါ့"

"အေးလေ ကြိုးစားကြည့်သေးတာပေါ့"

ညဉ့်၏အမှောင်က သူ့ကိုယ်သူ သန်းခေါင်ဖြစ်ကြောင်း ကိုယ်ထင်ပြနေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့. . . ဟိုမှာ. . . လူတစ်ယောက်. . . တို့ကင်းတဲဆီ လျှောက်လာနေတယ်၊ တွေ့လား"

နှင်းမြူတွေကြားထဲမှာ သူတို့ကင်းတဲဆီ လျှောက်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အနီးသို့ရောက်ကာမှ အမျိုးသမီးကြီးဖြစ်ကြောင်း တွေ့ရသည်။

"ဘာကိစ္စရှိလို့လဲ ကြီးဒေါ်"

"ငါ့ယောက်မ ပျောက်သွားလို့. . ."

သူတို့နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ပြီး. . . ပြုံးရယ်မိကြ၏။ ဤသည်ကို စားတော်ကဲ အမျိုးသမီးကြီးက မကျေနပ်။

"မင်းတို့က ဘာပြုံးတာလဲ"





ထို့နောက်. . . သူမ၏ ခန္ဓာကိုယ်ဝဝကြီးကို တစ်ပတ်လှည့်ပြ၏။ ပြီး. . .

"တွေ့လား. . . ငါ့ခါးမှာ ဘာမှထိုးမထားဘူး၊ ဘာလဲ မင်းတို့က ယောက်မကို ခါးကြားထိုးပြီး ငါက လိုက်ရှာနေတယ်ထင်လို့လား"

"အို. . . အို. . . အဲ့ဒီလို မထင်ပါဘူး ခင်ဗျ"

"ဒါဖြင့်. . . ဘာဖြစ်လို့ ပြုံးရယ်ကြတာလဲ၊ မထေမဲ့မြင် ပြုတဲ့ သဘောလား"

"မဟုတ်ပါဘူး၊ ဒီလိုပါ. . . ကြီးဒေါ်က ယောက်မကို ခါးကြားမှာထိုးပြီး လိုက်ရှာတာမဟုတ်ပါဘူး. . . လက်ထဲမှာကိုင်ထား၊ရက် လိုက်ရှာတာဖြစ်နေလို့ပါ"

"ဟောတော်. . ."

စားတော်ကဲ အမျိုးသမီးကြီးက သူ့လက်ထဲမှာကိုင်ထားလျက် ဖြစ်နေသည့်ယောက်မကို ထိုအခါကျမှ တအံ့တသြသတိပြုမိသွား၏။ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ. . .

"လူကလည်းလေ. . . ဘာကြောင်မှန်းမသိပါဘူး. . . ကျေးဇူးပဲကွယ်. . . သွားဦးမယ်"

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

အမျိုးသမီးကြီး ထွက်အသွားမှာ တစ်ယောက်က ရယ်ဟဟနှင့် ပြောသည်။

"အိပ်ချင်စိတ်တောင် ဘယ်ပျောက်သွားမှန်းမသိဘူး"

"ထပ်ပျောက်စေရမယ်... တစ်မှုန်မကျန်အောင် ပျောက်သွားစေရမယ်"

ကျန်တစ်ယောက်က ထိုသို့ဩဘာပေး၏။

"ဘာဖြစ်လို့လဲ"

"ဟိုမှာ နောက်တစ်ယောက်လာနေပြန်ပြီ"

ညဥ့်၏ အမှောင်ပျို့ပျို့ကို ဖြတ်သန်းပြီး အရိပ်တစ်ခုက လှမ်းဝင်လာပြန်သည်။ အနားရောက်တော့မှ မြို့တံခါးအနီးမှာနေသော လူငယ်ဖြစ်ကြောင်းတွေ့ရ၏...။





"မင်းကကော... ဘာဖြစ်တာလဲ"

"ဟိုလေ... ကျွန်တော်... အမေ့ချွေးမ ပျောက်လို့လာရှာတာပါ"

"မင်း မိန်းမပျောက်လို့ရှာတာဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါကွာ... မင်း မိန်းမ ဘယ်မှမပျောက်ဘူး၊ ဇာတ်ပွဲသွားကြည့်တယ်၊ ညဦးပိုင်းကပဲ တို့ရှေ့ကဖြတ်သွားတာ... တို့ကိုတောင် နှုတ်ဆက်သွားသေးတယ်"

"အဲ့ဒါ.. အဲ့ဒါဆို ကျွန်တော်ဘာလုပ်ရမလဲ"

"မင်းသားလေးလို လွမ်းပြမယ်ဆိုတဲ့ သီချင်းကိုဟဲနေလိုက်ပေါ့ကွာ"

"ဟုတ်... ဟုတ်ကဲ့"

လူငယ် အူကြောင်ကြောင်နှင့် ပြန်လည်လှည့်ထွက်သွား၏။ သူတို့နှစ်ယောက် ကြိတ်ရယ်ရင်း ကျန်ရစ်ခဲ့ကြသည်။ သူတို့၏ ဦးခေါင်းအထက်ဆီမှ ညဥ့်ငှက်တစ်ကောင် ဖြတ်ပျံသွားတာကိုလည်း မြင်လိုက်ရသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

BURMESE CLASSIC .com

"တောက်. . ."

နှစ်ယောက်သား ပြန်လည်ငိုက်မြည်းသလိုဖြစ်စဉ်မှာပဲ ပြင်းထန်ကျယ်လောင်သော ထိုတောက်ခေါက်သံကြောင့် လန့်ဖျန့်သွားကြ၏။ ကပျာကရာ ခေါင်းမော့ကြည့်လိုက်တော့. . .

"ဟင်. . ."

လူတစ်ယောက် အရှက်လုံရုံ ခါးမှာ သစ်ရွက်များစည်းသီထားသော လူတစ်ယောက်။ သူ့ခါးဝတ်က ဘယ်ရောက်သည်မသိ။ ထူးခြားသည်က သူ့ပေါင်မှာ ထိုးကွင်းမှင်ကြောင်တွေ ပြည့်နေသည်။ ခန့်ညားပြီး ညိုမောင်းထွားကြိုင်းသော လူကြီးဖြစ်သည်။ ရှေးဗမာကြီးပုံပေါက်နေသည်။

"ဘ. . . ဘကြီးက ဘယ်တုန်းက ကျွန်တော်တို့နားရောက်နေတာလဲ"





"ခုပဲ. . ."

"ဘ. . . ဘကြီးက ဘယ်လိုဖြစ်တာလဲ. . . လုံ. . . လုံချည်ကော"

"အေး. . . သူများချွတ်ခိုးသွားတယ်"

"ဟောဗျာ. . ."

ထိုလူကြီး၏ အသံက ဩဩကြီးနှင့် မာန်ပါသည်။ မျက်ခုံးက ထူပြီး မျက်လုံးကစူးရှသည်။ ထိုလူကြီးနှင့်ဆက်ဆံရသည်ကို သူတို့နှစ်ယောက် ခပ်ရွံ့ရွံ့ပင်ဖြစ်နေမိ၏။ သို့သော်လည်း တာဝန်က အတိအလင်းရှိနေသည်မို့. . .

"ဘကြီးအိပ်ပျော်ရင်း လုံချည်များကျွတ်နေမိလို့လား"

"ဘယ်လိုလုပ်ကျွတ်မှာလဲ ခါးတောင်းကျိုက်ထားတာကွ"

"ဘကြီးခါးတောင်းကျိုက်ကြီးနဲ့ ဘာလုပ်နေတာလဲ"

"ဇာတ်ပွဲကဖြစ်မှာပေါ့ကွာ. . . က မလို့ဖြစ်မှာပေါ့"

"ဘာကိစ္စ က ရမှာလဲကွ"

ထိုလူကြီးက ထအော်တော့ သူတို့နှစ်ယောက် တုန်ခနဲဖြစ်သွားကြသည်။ ထိုလူကြီးကတော့ သူတို့နှစ်ယောက်၏ဖြစ်အင် ဂရုမထားပါ။ သူ့ဘာသာ ဆက်လက်ရေရွတ်သည်။

"ဒီခါးတောင်းကျိုက်လေးနဲ့ လှုပ်ရှားနေရတဲ့ဟာကို"

"ဩော်. . . သိ. . . သိပြီ. . . ဘကြီးက ခြင်းခတ်ဝိဇ္ဇာဖြစ်မယ်"

"မင်းတို့ပေါက်ကရ လျှောက်ပြောနေတာတွေကို ရပ်လိုက်ရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့. . . ဒါဆိုလည်း အခင်းဖြစ်ပွားပုံကို ပြောပါ. . . ဘယ်လိုအခြေအနေမျိုးနဲ့ ဘကြီးရဲ့ပုဆိုးက အခိုးခံလိုက်ရတာလဲ. . ."

"အေး. . . ငါ. . . ပြောပြမယ်"

"ဟုတ်ကဲ့. . ."

"ငါက ငါ့ဘာသာ ငှက်ပျောရွက်ပေါ်မှာ အိပ်နေတာ"

"ခင်ဗျာ"

"မကြားဘူးလား. . . ငါက ငှက်ပျောရွက်ပေါ်မှာ အိပ်နေတာ. . ."

နှစ်ယောက်သား ကြက်သီးဖျန်းကနဲထပြီး နားရွက်ထောင်သွားကြ၏။

"ဒါ. . . ဒါဆို. . . ဘကြီးက. . ."

"အေး. . . ငါက တောက်ပြား. . သူခိုးကြီး တောက်ပြား"

သူခိုးဖမ်းရန်စောင့်နေသော လုံခြုံရေးဝန်ထမ်းနှစ်ဦးအဖို့ ဘာလုပ်၍ ဘာကိုင်ရမည်မှန်းမသိ ဖြစ်သွားသည်။ တောက်ပြားကြီးကို ဖမ်းရကောင်းနိုးနိုး၊ မဖမ်းရကောင်းနိုးနိုး။ ရာဇဝင်တွင်သည့် သူခိုးကြီး ဖြစ်သည့်တိုင် လောလောဆယ်မှာ သူကတရားလို။ ခါးမှာ ပုဆိုးမရှိသူ သစ်ရွက်တွေက လုံခြုံမှုရှိပုံမရ. . . လေသလပ်တော့ သူ့ခမျာ အေးပုံပေါ်သည်။ စိတ်လည်း အလွန်တိုရှာနေသည်။

"သွား အဲ့ဒီသူခိုးကို မင်းတို့သွားဖမ်းပေး၊ ငါ့ပုဆိုး ရအောင်ပြန်ရှာပေး"

●





## အခန်း (၅)

BURMESE CLASSIC .com

သူတို့နှစ်ဦး သူခိုးရှာ၊ ပုဆိုးရှာထွက်ခဲ့ကြရ၏။ တောက်ပြားကြီးက ကင်းတဲ့နံဘေးမှာ ခါးထောက်ကျန်ရစ်သည်။ သူတို့ကလည်း တောက်ပြားကြီးအနားမှာ မနေဝံ့၍ ထွက်ခဲ့ကြခြင်းဖြစ်၏။ မသိမသာ လှည့်ကြည့်တော့ တောက်ပြားကြီးက ကင်းတဲရှေ့မှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့ မကျေမချမ်းရေရွတ်သံကို ခပ်လှမ်းလှမ်းမှ ပင် သူတို့ ကြားလိုက်ရသေးသည်။

"တောက်. . . လူတွေ မကောင်းပါဘူး၊ သူများပစ္စည်းကိုများ ခိုးချင်ရတယ်လို့. . ."

**တာရာမင်းဝေ**



www.burmeseclassic.com

www.burmeseclassic.com

ကျော
နိုင်း
ထား
တဲ့
နေ
မင်း

BURMESE CLASSIC .com



www.burmeseclassic.com